ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်ထုတ်ဝေခဲ့သည်။
Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 13 June 2024 ၁၁၄၈၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေး ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် ပညာရေးရလဒ်များနှင့် ကောင်းမွန်သည့် ပညာရေးအခြေအနေများရရှိစေရန် ဦးတည်၍ ဝိုင်းဝန်းဆွေးနွေး

## နိုင်ငံတော်အစိုးရ၏ အားထုတ်မှုသာမက ပြည်သူအားလုံးက ပညာ၏တန်ဖိုးသိရှိပြီး အားထုတ်ခြင်းကသာ ပညာရေးရည်မှန်းချက် အောင်မြင်စေမည်

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေး ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



ကြေးမုံ

# တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် ချမှတ်ကာ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝ လုံခြုံစိတ်ချမှုရရှိစေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူများလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါမှ လုံခြုံစိတ်ချမှုအပြည့်အဝရရှိမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့သည့် အစောပိုင်းကာလများက မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး ထိုမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်ဖျက်ဆီးမှုများအထိ ဖြစ်ပေါ်ခဲ့သည်ကို မြင်တွေ့ခဲ့ရပြီဖြစ်သည်။ နှောင့်ယှက်ဖျက်ဆီးမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်အဟုန်မြင့်မားလာသဖြင့် အချို့မြို့နယ်များတွင် စစ်အုပ်ချုပ်ရေးကြေညာ၍ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရသည်။ ပြည်တွင်း၊ ပြည်ပ ပူးကပ်ဝင်ရောက်နှောင့်ယှက်မှုများကြောင့် မြေပေါ်မြေအောက်အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်လာကြသည်။ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အများပြည်သူ အဆောက်အအုံများကို တိုက်ခိုက်ဖျက်ဆီးခြင်း စသည့်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ပြုလုပ်လာကြသည်။

ယခုအခါ ဝေးလံသည့်ဒေသများနှင့် နယ်စပ်ဒေသအချို့ရှိ မြို့ရွာများမှလွဲ၍ မြန်မာနိုင်ငံအတွင်းရှိ မြို့ပြကျေးလက်များ တည်ငြိမ်အေးချမ်းလာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့များက မြို့ရွာဒေသများ လုံခြုံစိတ်ချရေးကို အမြဲမပြတ် ဆောင်ရွက်ပေးနေသောကြောင့် ဒေသတစ်ခုနှင့်တစ်ခု လွတ်လပ်စွာ သွားလာနိုင်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် အကြမ်းဖက်အဖျက်သမားများအနေဖြင့် ပြည်သူလူထုကြားတွင် စိမ့်ဝင်ခိုအောင်းနေနိုင်သောကြောင့် လုံခြုံရေးလစ်ဟာသွားသောနေရာများသို့ဝင်ရောက်ပြီး အများပြည်သူအဆောက်အအုံတို့နှင့် အသက်အိုးအိမ်စည်းစိမ်တို့အား နှောင့်ယှက်ဖျက်ဆီးနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

မကြာသေးမီရက်ပိုင်းက လုံခြုံစိတ်ချမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိနေသော ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှု ပြုလုပ်ရန်ကြံစည်အားထုတ်နေသော အကြမ်းဖက်အဖျက်သမားများအား ဖမ်းဆီးရမိလိုက်သည့် သတင်းကို မြင်တွေ့ကြားသိလိုက်ရသည်။ အဆိုပါသတင်းကို ထောက်ရှုဆင်ခြင်၍ အကြမ်းဖက်သမားအန္တရာယ်ကို လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အမြဲမပြတ်ရှိနေရမည်ဟူသောအတွေးများ သက်ဆိုင်ရာအဖွဲ့အစည်းများသာမက ပြည်သူအားလုံး ပါရှိနေရမည်ဖြစ်သည်။

လုံခြုံရေးသတိရှိမှုနှင့်ပတ်သက်၍ "မိမိတို့နိုင်ငံ လူဦးရေထက်ဝက်ခန့်သည် လုံခြုံရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိနေဆဲဖြစ်ကြောင်း၊ ရာဇဝတ်မှုများ ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း၊ အသိပညာဗဟုသုတနည်းသူများအနေဖြင့် ကောင်းမှုနှင့် မကောင်းမှုကို ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းအားနည်းပြီး မကောင်းမှုဒုစရိုက်များကို ကျူးလွန်နိုင်ခြေမြင့်မားသဖြင့် အသိပညာနှင့် ဆင်ခြင်တုံတရားများရရှိရေးအတွက် တိုက်တွန်းနှိုးဆော်ချက်များ ဆောင်ရွက်ခြင်း၊ လှုံ့ဆော်ပညာပေးမှု ဆောင်ရွက်ခြင်း၊ သတင်းများထုတ်ပြန်ပေးခြင်းအပါအဝင် အခြားနည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးသွားရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇွန်လ ၁၀ ရက်နေ့တွင် ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းဖြင့် လျှောက်လှမ်းရာတွင် လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှု အပြည့်အဝရှိရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ ပညာရေးနှင့် စီးပွားရေးဘက်၌ အားနည်းချက်များရှိခဲ့သောကြောင့် ကိုယ်ကျင့်စာရိတ္တပျက်ပြားခြင်း၊ အမှားအမှန်ခွဲခြားနိုင်မှုမရှိခြင်းတို့ကြောင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်မှုများရှိခဲ့သည်။ ဥပဒေချိုးဖောက်သူများသည် မြို့ရွာများအတွင်းသို့ အခြားမှ လာရောက်ဆောင်ရွက်ခြင်းမဟုတ်ဘဲ မြို့ရွာများအတွင်း နေထိုင်သူများသာဖြစ်၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိနေရမည်ဖြစ်သည်။ မိမိမြို့ရွာကို မိမိတို့လည်း ပါဝင်စောင့်ရှောက်မည်ဟူသောအသိဖြင့် ရပ်ရွာများအတွင်း မသင်္ကာဖွယ်ရာများတွေ့ရှိရပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးကြရမည်ဖြစ်သည်။

အကြမ်းဖက်အဖျက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ အလစ်အငိုက်ကိုစောင့်ဆိုင်း၍ အကြမ်းဖက်မှုကျူးလွန်ရန် ကြံစည်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် မြို့ရွာရပ်ကွက်များ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အမြဲမျက်စိဖွင့်၊ နားစွင့် စောင့်ကြည့်နေရမည်ဖြစ်သည်။ ထိုအသိ၊ ထိုသတိဖြင့် နယ်မြေဒေသများတွင် အကြမ်းဖက်သမားများ၏ အငွေ့အသက်များ ကင်းစင်အောင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ အတူပူးပေါင်းလက်တွဲ၍ ဆောင်ရွက်ခြင်းဖြင့် မြို့ရွာများတည်ငြိမ်အေးချမ်းပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။


ပညာရေးဝန်ကြီးဌာန

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

- ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး။
- အနိမ့်ဆုံးအဆင့် KG+9 ပြီးမြောက်အောင်မြင်စေဖို့ တက်ညီလက်ညီဆောင်ရွက်စို့။
- အခြေခံပညာတတ်မြောက်ရေး အခမဲ့ပညာရေးဖြင့် မြှင့်တင်ပေး။


## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်မြင့်ကို ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ညောင်လေးပင်မြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ကောင်း

ညောင်လေးပင် ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ၂၀၂၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၁၁ ရက် နံနက် ၆ နာရီက ညောင်လေးပင်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ထုတ်ပြန်ကြေညာပေးခဲ့သည်။

ညောင်လေးပင်မြို့နယ်သည် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက် ၆၉ ဒသမ ၂၁ ရာခိုင်နှုန်းဖြင့် အောင်မြင်ခဲ့ပြီး တစ်ဘာသာဂုဏ်ထူးရှင် ၅၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦးဖြင့် အောင်ချက်ကောင်းခဲ့သည်။

ညောင်လေးပင်မြို့နယ်၌ စာစစ်ဌာနနှစ်ခုတွင် ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူပေါင်း ၆၄၃ ဦး ရှိပြီး အောင်မြင်သူ ၄၄၅ ဦးရှိရာ အောင်ချက် ၆၉ ဒသမ ၂၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)


သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။


### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၆ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၂၀၀ | ၉,၂၀၀ | ၂၆၄ | ၂,၄၀၉,၃၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၁,၂၂၀ | ၃,၉၀၃,၆၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၉၅ | ၇၉၈,၀၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၂,၈၇၂ | ၄,၈၈၄,၈၀၀ |
| TMH | ၂,၈၀၀ | ၂,၈၅၀ | ၁၇၀ | ၄၈၁,၄၀၀ |
| EFR | ၁,၈၀၀ | ၁,၈၅၀ | ၇၆၀ | ၁,၃၈၀,၉၀၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၂၄၅ | ၁,၁၇၆,၅၀၀ |
| MAEX | ၃,၃၅၀ | ၃,၃၀၀ | ၁,၁၆၅ | ၃,၈၆၅,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပညာရေးညီလာခံ(၂၀၂၄)က ထွက်ပေါ်လာမည့် ရလဒ်များသည် မြန်မာနိုင်ငံပညာရေး တိုးတက်ကောင်းမွန်စေရေးအတွက် အထောက်အကူဖြစ်စေနိုင်အောင် ဆောင်ရွက်

❂ ရှေ့ဖုံးမှ

ဦးစွာမြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံ(၂၀၂၄) ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူမှုရေး ဦးတည်ချက်ပါ **“တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”** နှင့် **“နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”**ဆိုသည့် ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ပထမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃)ကို **“အနာဂတ်ပညာရေး ပိုမိုတိုးတက်ကောင်းမွန်စေရေး”** ဆိုသည့် ဦးတည်ချက်နှင့်အညီ ယမန်နှစ်က အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်ကြောင်း။

### ရည်ရွယ်ချက်များ

ယခုနှစ်တွင်ကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များ ပေါ်ထွန်းလာစေရန်၊ အရည်အသွေးပြည့်ဝသော ပညာတတ်များမွေးထုတ်ပေးနိုင်ရန်၊ ထုတ်လုပ်မှုကိုအားပေးသည့် သက်မွေးပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆရာ ဆရာမများ၏ အရည်အသွေးကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးအာမခံမှုရှိသည့် ပညာရေးစနစ် ပိုမိုအားကောင်းလာစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကို ကျင်းပရခြင်းဖြစ်ကြောင်း။

ယခုကျင်းပမည့် ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို **“လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကို ပိုမိုမြှင့်တင်ပေး”**ဆိုသည့် ဦးတည်ချက်ဖြင့် ဇွန် ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ကျင်းပနိုင်ရန်အတွက် နေပြည်တော်ကောင်စီအပါအဝင် ဝန်ကြီးဌာန ၁၃ ခုမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများပါဝင်သော ညီလာခံကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၁ ခုတို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ဆပ်ကော်မတီနှင့် လုပ်ငန်းကော်မတီများကလည်း ညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်ပြီးစီးပြီဟု သိရှိရကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍသည် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်အခြားဝန်ကြီးဌာနများက နယ်ပယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ပညာရေးညီလာခံသည်လည်း ဆက်စပ်ဝန်ကြီးဌာနများအားလုံးနှင့် သက်ဆိုင်သည်ကို သတိပြုစေလိုကြောင်းနှင့် ယနေ့အစည်းအဝေးတွင် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်း။

ယခုနှစ် ပညာရေးညီလာခံတွင် ယခင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ Parallel Session များအလိုက် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သက်မွေးပညာ၊ ဆရာအတတ်ပညာနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍတို့အပြင် အရည်အသွေးအာမခံမှုဆိုသည့် ကဏ္ဍသစ်တစ်ခုကို ထပ်တိုးထားသည့်အတွက် စုစုပေါင်းကဏ္ဍ ခြောက်ခုရှိမည်ဖြစ်ပြီး ကဏ္ဍတစ်ခုချင်းစီအလိုက် စာတမ်းခြောက်ခုစီကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ဆွေးနွေးမှုရလဒ်များကိုလည်း ပြန်လည်သုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း စာတမ်းအလိုက်၊ ဆွေးနွေးမှုများအလိုက် ဖော်ထုတ်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အောင်မြင်စွာအကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့်နည်းလမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များ ပေါ်ထွက်လာသည်အထိ အထူးအလေးထား ဆွေးနွေးသွားရမည်ဖြစ်ကြောင်း၊ ယခင်နှစ်တွင် ကဏ္ဍငါးခုအတွက် စာတမ်း ၄၂ စောင် ဖတ်ကြားခဲ့ပြီး ယခုနှစ်တွင် ကဏ္ဍခြောက်ခုအတွက် စာတမ်း ၃၆ စောင် ဖတ်ကြားသွားမည်ဖြစ်သည့်အတွက် စာတမ်းအရေအတွက် နည်းခြင်းများခြင်းထက် ရလဒ်ကောင်းများရရှိနိုင်ရေး ဦးတည်ရန်ကိုလည်း တိုက်တွန်းလိုကြောင်း၊ ထို့ပြင် ယခင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် သုံးသပ်ချက်များအား အကောင်အထည်ဖော်ဆောင်ရာတွင် အောင်မြင်အောင်ဆောင်ရွက်နိုင်မှုများနှင့် ဆက်လက်ဆောင်ရွက်ဆဲလုပ်ငန်းများ ရှိနေသကဲ့သို့ ယခုနှစ်ညီလာခံ၏ ဆွေးနွေးမှုရလဒ်များကိုလည်း ပြန်လည်သုံးသပ်ပြီး အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် ပညာရေးရလဒ်များနှင့် ကောင်းမွန်သည့် ပညာရေးအခြေအနေများရရှိစေရန် ဦးတည်၍ ဝိုင်းဝန်းဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ယခင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ဝန်ကြီးဌာနများအလိုက် သုံးသပ်ချက်များကိုလည်း အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် ရရှိပြီးအောင်မြင်မှုများကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန် ကဏ္ဍအလိုက် ရေတိုရေရှည်အစီအမံများနှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ ပညာရေးညီလာခံက နိုင်ငံ၏အနာဂတ်လူငယ်များအတွက် ကောင်းမွန်သည့်အဖြေများ၊ ကောင်းမွန်သည့် အချက်အလက်များနှင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာရန် အထောက်အကူပြုမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း တိုးတက်လာရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်ရေးဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ လက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်မှုစရိတ်နှင့် ထောက်ပံ့ငွေများချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်စေခြင်း၊ စာတတ်မြောက်သူများ တိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သောအလေ့အထတိုးပွားလာအောင် ဆောင်ရွက်ပေးနေခြင်းတို့သည် ထင်ရှားသည့် သာဓကများဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ အားထုတ်မှုသာမက ပြည်သူအားလုံးက ပညာ၏တန်ဖိုးကိုသိရှိပြီး အားထုတ်ခြင်းကသာ နိုင်ငံ၏ပညာရေး ရည်မှန်းချက်ကို အောင်မြင်စေမည်ဖြစ်ကြောင်း။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်များ၏ ပညာရေးသည် ကောင်းမွန်အောင်မြင်သည့် ပညာရေးဖြစ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အောင်မြင်ကောင်းမွန်စေရန်အတွက် ယခုကဲ့သို့ ပညာရေးညီလာခံကြီးကို ကျင်းပဆောင်ရွက်ပေးနေခြင်းဖြစ်၍ တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အဆင့်ကျင်းပမည့် ညီလာခံကြီးဖြစ်သည်နှင့်အညီ အောင်မြင်အောင် ဝိုင်းဝန်းဆွေးနွေး အကြံပြုဆွေးနွေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က “နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ပညာရေး၊ ကျန်းမာရေး စသည့်လူမှုရေးကဏ္ဍနယ်ပယ်အသီးသီးတွင် မူလအခြေအနေကထက်ပင် ပိုမို၍ အဆင့်အတန်းမြင့်မားတိုးတက်လာစေရေး ဆောင်ရွက်ရမည်” ဟု လမ်းညွှန်မှာကြားထားသည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးနေသကဲ့သို့သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း မိမိတို့တာဝန်ယူရသည့်ကဏ္ဍများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယခု ဦးစီးကော်မတီအစည်းအဝေးမတိုင်မီ ပညာရေးဝန်ကြီးဌာနက အကြိုညှိနှိုင်းအစည်းအဝေးလေးကြိမ် ခေါ်ယူဆွေးနွေးခဲ့ကြောင်း၊ အဆိုပါအစည်းအဝေးများတွင် ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာနများက စာတမ်းခေါင်းစီးများ ရွေးချယ်ခြင်း၊ ဝန်ကြီးဌာနများအလိုက် စာတမ်းဖတ်ကြားရေး၊ ပြခန်းပြသရေးစသည့် တာဝန်များ ခွဲဝေဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရှိရကြောင်း၊ ပညာရေးညီလာခံ (၂၀၂၄)အတွက် Theme Song ရေးစပ်ရာတွင်လည်း ညီလာခံ၏ ဦးတည်ချက်ကို အနှစ်သာရပေါ်လွင်အောင်စပ်ဆိုရန် တိုက်တွန်းလိုကြောင်း၊ ပညာရေးညီလာခံ(၂၀၂၄)က ထွက်ပေါ်လာမည့် ရလဒ်များသည် မြန်မာနိုင်ငံပညာရေး တိုးတက်ကောင်းမွန်စေရေးအတွက် အထောက်အကူဖြစ်စေနိုင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံးက ကျရာကဏ္ဍ၊ ကျရာတာဝန်ကို ကျေပွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီအတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူး(၁) ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းတို့က မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)၏ ရည်ရွယ်ချက်၊ ကော်မတီများဖွဲ့စည်းထားရှိမှု၊ ကော်မတီများဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ပညာရေးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီ၊ စာတမ်းလက်ခံခြင်းနှင့် စိစစ်အတည်ပြုရေးဆပ်ကော်မတီ၊ ပြခန်းများခင်းကျင်းပြသရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ မှတ်တမ်းပြုစုရေးနှင့် ပုံနှိပ်ထုတ်ဝေရေး ဆပ်ကော်မတီ၊ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့်ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

- ယခင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ဝန်ကြီးဌာနများအလိုက် သုံးသပ်ချက်များကိုလည်း အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် ရရှိပြီးအောင်မြင်မှုများကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန် ကဏ္ဍအလိုက် ရေတိုရေရှည်အစီအမံများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်
- သို့မှသာ ပညာရေးညီလာခံက နိုင်ငံ၏အနာဂတ်လူငယ်များအတွက် ကောင်းမွန်သည့်အဖြေများ၊ ကောင်းမွန်သည့်အချက်အလက်များနှင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာရန် အထောက်အကူပြုမည်
- နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်များ၏ ပညာရေးသည် ကောင်းမွန်အောင်မြင်သည့် ပညာရေးဖြစ်ရမည်

# သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုဗဟိုကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုဗဟိုကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီများ အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်သော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က Online ဖြင့် တက်ရောက်ကြသည်။



အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင်ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF) က မြန်မာနိုင်ငံအား တိုးတက်ဆောင်ရွက်မှုကို စောင့်ကြည့်မည့် နိုင်ငံနှင့် ဒေသများစာရင်းတွင် ထည့်သွင်းခဲ့ပြီး အကြံပြုချက် (၈) ချက်နှင့် ဆောင်ရွက်မည့် အစီအမံ ၁၅ ချက် ထုတ်ပြန်ခဲ့ရာ လက်ငင်းရလဒ် (Immediate Outcome 8.2) ၌ နိုင်ငံ့ဘဏ္ဍာသိမ်းပြီးချိန်အထိ သိမ်းဆည်းထားသော ပစ္စည်းများ၏ တန်ဖိုးကို ထိန်းသိမ်းနိုင်ရေးအတွက် သက်သေခံပစ္စည်းများ စီမံခန့်ခွဲမှုစနစ်တစ်ရပ် ထူထောင်ထားရှိရန်နှင့် လိုအပ်သော အရင်းအမြစ်များ ချထားပေးရန်ပါရှိကြောင်း၊ လက်ငင်းရလဒ် 8.2 နှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှု ဗဟိုကော်မတီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် ကော်မတီများကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၀ ရက်တွင် စတင်ဖွဲ့စည်းကာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ကော်မတီအဆင့်ဆင့်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂၄၁/ ၂၀၂၃) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီများအနေဖြင့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို တရားစွဲ မတင်မီ၊ တရားစွဲတင်ပြီး တရားရုံး စစ်ဆေးဆဲကာလနှင့် တရားရုံးက နိုင်ငံ့ဘဏ္ဍာသိမ်းပြီး စီမံခန့်ခွဲမှုမပြုမီ ထိန်းသိမ်းထားသည့် ကာလများအတွင်း ပျက်စီး၊ ပျောက်ဆုံးခြင်း၊ တန်ဖိုးလျော့ကျခြင်း မရှိစေရေးအတွက် သက်သေခံပစ္စည်းထိန်းသိမ်းရေး ဆိုင်ရာ ညွှန်ကြားချက် (၄/၂၀၂၀) နှင့်အညီ စနစ်တကျ စီမံထိန်းသိမ်းရန်လိုအပ်ကြောင်း၊ တရားရုံးက နိုင်ငံ့ဘဏ္ဍာ သိမ်းဆည်းရန် အမိန့်ချမှတ်ပြီးပါကလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၇) နှင့်အညီ စီမံခန့်ခွဲနိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ကော်မတီအဆင့်ဆင့်အနေဖြင့် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းမှု အခြေအနေများကို ဗဟိုကော်မတီသို့လည်း ပေးပို့တင်ပြရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာသော ဗဟိုကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီဥက္ကဋ္ဌများက သက်သေခံပစ္စည်း စီမံထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**အလေးထားဆောင်ရွက်**

ယင်းနောက် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်က ပြစ်မှုတစ်ရပ်ရပ်ဖြင့် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို တရားရုံးက နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းပါက နိုင်ငံတော်၌ ထိခိုက်နစ်နာမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့်သူအား ပြန်ပေးသည့် အခါတွင်လည်း နစ်နာမှုမရှိစေရန်အတွက် ထိန်းသိမ်းထားသည့် ကာလအတွင်း တန်ဖိုးလျော့ကျပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း သီရိလင်္ကာသံအမတ်ကြီး Mrs. Ponnamperuma Arachige Prabashini Ponnamperuma အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် သီရိလင်္ကာ သံအမတ်ကြီး Mrs. Ponnamperuma Arachige Prabashini Ponnamperuma အား ယနေ့ ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံအကြား ဆေးဝါးထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းရင်းဆေးပညာရှင်များ အပြန်အလှန် အတွေ့အကြုံဖလှယ်ရေးနှင့် လေ့ကျင့်သင်ကြားပေးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် (ကုသရေးဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ် (အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန) နှင့် ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**





# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၂**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Imran Haider ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် စီးပွားရေးနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ညီနောင်ကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၁၂

ညီနောင်ကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေး၊ စစ်ဘက်ဆိုင်ရာများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ သင်တန်းသားများ အပြန်အလှန် စေလွှတ်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ညီနောင်ကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညီနောင်ကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယတပ်မတော်မှအရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် နေပြည်တော်အတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် ဇွန် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာအုပ်စု ပုရွက်ဆိတ်ကုန်းရွာရှိ မိုးစပါးငါးဧကစိုက်ခင်း၌ ထွန်စက်ကြီးဖြင့် တွဲဖက်သုံးမျိုးစေ့ချကိရိယာ လက်တွေ့စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ရေမြေ အခြေအနေပေးသည့် ဧရိယာများတွင် သုံးသီးစိုက်ပျိုးနိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ မြေအချဉ်ဓာတ် လျော့ပါးစေရေး မြေပြုပြင်သည့်စနစ်များကို အသိပညာပေးဆောင်ရွက်ပေးကြရန်၊ စိုက်ပျိုးရေ လုံလောက်စွာရရှိနိုင်ရန်အတွက် ရေရရှိနိုင်သော အရင်းအမြစ်များ ရှာဖွေဖော်ထုတ်ပေးကြရန်နှင့် တောင်သူများ လက်တွေ့ထွန်ယက် စိုက်ပျိုးရာတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လယ်ဝေးမြို့နယ် အေလာမြို့ နေမင်းထွန်း လယ်ယာသုံးပစ္စည်းထုတ်လုပ်ရေး လုပ်ငန်း၏ စပါး၊ မြေပဲနှင့် ပဲမျိုးစုံခြွေလှေ့စက်နှင့် မျိုးစေ့ချကိရိယာများ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အေလာယာယီရေထိန်းဆည်ရေသောက် နွေနှမ်း ၁၆၃ ဧက စိုက်ပျိုးထားရှိမှုနှင့် အေလာကန်ထိန်းသိမ်းစောင့်ရှောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နွေနှမ်းစိုက်ခင်းများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် PPEG Construction Company Limited မှ အခြောက်ထယ်ရေးမျိုးစေ့ချကိရိယာ၊ အစိုထယ်ရေးမျိုးစေ့ချစက်နှင့် အာလူးတူးဖော်ကိရိယာများ စမ်းသပ်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသနှင့်ကိုက်ညီပြီး ပေါ့ပါး၍ အလွယ်တကူ အသုံးပြုနိုင်သည့် နည်းပညာနှင့် စက်ပစ္စည်းကိရိယာများ ဆက်လက်တီထွင်သွားကြရန် အကြံပြုဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

## သဲသဲမဲမဲ၊ မဲမဲသဲသဲနှင့် မည်းမည်းသည်းသည်း

**(ယမန်နေ့မှအဆက်)**

"မည်းမည်းသည်းသည်း" သည် "မည်းမည်းကြုတ်ကြုတ်၊ မည်းမည်းချိပ်ချိပ်၊ မည်းမည်းနက်နက်" ဟူသော ဝေါဟာရတို့နှင့် အဓိပ္ပာယ်တူဟု ဆိုရပေမည်။ "သည်းမည်း၊ သည်းသည်းမည်းမည်း" ဟူသော ရေးထုံးများမရှိဟု ဆိုနိုင်ပါသည်။

**အိုးမဲ / အိုးမည်း**

"မဲ"နှင့် "မည်း" အနက်ရင်း "ပေါင်းစည်း၊ ဆက်စပ်"ချည်းဖြစ်သော်လည်း ယင်းဝေါဟာရနှစ်လုံး၏ အဓိပ္ပာယ်ချင်းမတူကြောင်းကို ရှေ့တွင် ဆိုခဲ့ပါသည်။ "မဲ" နှင့် "မည်း" အဓိပ္ပာယ်မတူကြသည်ကို "အိုးမဲ" နှင့် "အိုးမည်း" ဟူသောဝေါဟာရနှစ်လုံးကို လေ့လာကြပါမည်။

"အိုးမဲ" ဟူသော ဝေါဟာရနှင့်စပ်လျဉ်း၍ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ထမင်းအိုးစသည်၌ ကပ်စွဲသော အဆင်းမည်းနက်သည်ကို ထောက်မှုအိုးမည်း" ဟုသင့်လျက် "အိုးမဲ"ဟူ၍ ဆိုမိန့်သည်ကား မီးငွေ့မီးလျှံထိခိုက်၍ မူလအဆင်းကွက်ကျားညစ်နွမ်း သမ်းမဲလေသည်ကိုထောက်၍ ဆိုမိန့်သည်ယူသင့်၏"ဟု ဆုံးဖြတ်ခဲ့လေသည်။

ဆရာတော်က ထမင်းအိုးစသည်၌ စွဲကပ်သောအရာကို အဆင်းမည်းနက်သည်ကိုထောက်လျှင် "အိုးမည်း"ဟုလည်း ခေါ်ဝေါ်နိုင်ပုံကို ပြထားသည်။ အကယ်စင်စစ် ထမင်းအိုးစသည်၌ စွဲကပ်သောအရာကို "အိုးမည်း"ဟု မခေါ်ဆိုနိုင်ပါ။ ရှင်းပါမည်။

"အိုးမဲ" မှ "မဲ" အနက်သည် "မက်၊ မြဲ"ဖြစ်သည်။ အိုး၌ မက်နေသောအရာ၊ အိုး၌ မဲနေ၊ မြဲနေ၊ စွဲနေ၊ ကပ်နေ၊ ငြိနေ၊ စွန်းနေ၊ ထင်းနေသောအရာဖြစ်၍ "အိုးမဲ"ဟု ခေါ်ဆိုခြင်းဖြစ်သည်။ "မဲ"၏ အနက်မှာ "မက်၊ မြဲ၊ စွဲ၊ ကပ်၊ ငြိ၊ စွန်း၊ ထင်း" စသည်တို့ဖြစ်သည်။ အနက်ရောင်ဟော "မည်း" နှင့် ဆက်စပ်ကြံဆ၍ မရကောင်းပါ။ "အိုးမဲ"နှင့် "အိုးမည်း"ဟူသောဝေါဟာရနှစ်လုံးတို့၏ ပေါင်းစပ်ဖွဲ့စည်းပုံအရ အနက်အဓိပ္ပာယ်ထုတ်ဖော်ဖွင့်ဆိုလျှင် "အိုးမဲ" နှင့် "အိုးမည်း" မတူကြောင်း သိနိုင်ပါသည်။

ဝေါဟာရပေါင်းစပ်ဖွဲ့စည်းပုံအရ "အိုးမည်း" သည် "ပေါင်းစပ်နာမ်"ဖြစ်သည်။ နာမ်နှင့် နာမဝိသေသနပေါင်းစပ်ထားခြင်းဖြစ်သည်။ "အိုး" သည် "နာမ်"၊ "မည်း" သည် "နာမဝိသေသန" ဖြစ်သည်။ ထို့ကြောင့် "အိုးမည်း"ဟုဆိုလျှင် "မည်းသောအိုး"၊ "နက်သောအိုး"ဟုသာ အဓိပ္ပာယ်ရှိနိုင်သည်။ 'အိုးဖြူ ၊ အိုးဝါ၊ အိုးနီ" (ဖြူသောအိုး၊ ဝါသောအိုး၊ နီသောအိုး) တို့ကဲ့သို့တည်း။

ဝေါဟာရပေါင်းစပ်ဖွဲ့စည်းပုံအရ "အိုးမဲ" သည်လည်း "ပေါင်းစပ်နာမ်"ပင် ဖြစ်သည်။ "နာမ်"နှင့် "ကြိယာ" ပေါင်းစပ်ထားခြင်းဖြစ်သည်။ "အိုး"သည် "နာမ်"၊ "မဲ"သည် "ကြိယာ" ဖြစ်သည်။ ထို့ကြောင့် "အိုးမဲ"သည် "မဲသောအိုး" မဟုတ်ပါ။ "အိုး" တွင် မဲနေသောအရာသာဖြစ်သည်။ အိုးတွင် "မြဲ၊ စွဲ၊ ကပ်၊ ငြိ၊ စွန်း၊ ထင်း" နေသောအရာသာဖြစ်သည်။ "မဲ"သည် "မြဲ၊ စွဲ၊ ကပ်၊ တပ်" အနက်ရှိသော "မက်" နှင့် တူသည်ဟု ဆိုခဲ့ပြီးဖြစ်သည်။

ပေါင်းစပ်နာမ်ချင်းတူသော်လည်း နာမ်နှင့် နာမဝိသေသနပေါင်းစပ်သော ပေါင်းစပ်နာမ်နှင့် နာမ်နှင့် ကြိယာပေါင်းစပ်သော ပေါင်းစပ်နာမ်တို့ အဓိပ္ပာယ်ကောက်ယူရပုံမတူပါ။ သာဓကအားဖြင့် ခရီးရှည်၊ ခရီးတိုဟုဆိုလျှင် ရှည်သောခရီး၊ တိုသောခရီးဟု အဓိပ္ပာယ်ရပါသည်။ "ခရီး" သည် နာမ်၊ "ရှည်၊ တို" တို့သည် နာမဝိသေသနများဖြစ်ကြသည်။ "ခရီးသွား၊ ခရီးပြန်"ဟုဆိုလျှင် သွားသောခရီး၊ ပြန်သောခရီးဟု အဓိပ္ပာယ်မကောက်ယူနိုင်ပါ။ "သွား၊ ပြန်" တို့သည် နာမဝိသေသနများမဟုတ်သောကြောင့်ဖြစ်ပါသည်။ "ခရီးသွား"သည် "ခရီးသွားသောသူ"၊ "ခရီးပြန်"သည် "ခရီးမှပြန်လာသောသူ"သာဖြစ်သည်။ အကြောင်းမူကား "သွား၊ ပြန်" တို့သည် ကြိယာများဖြစ်သောကြောင့်တည်း။

ထို့အတူ "ဈေးကြီး၊ ဈေးလေး" ဟူသည် "ကြီးကျယ်သောဈေး၊ သေးငယ်သောဈေး" ဖြစ်၍ "ဈေးရောင်း၊ ဈေးဝယ်၊ ဈေးသွား၊ ဈေးလာ" ဟူသည် "ဈေးရောင်းသူ၊ ဈေးဝယ်သူ၊ ဈေးသို့သွားသူ၊ ဈေးသို့လာသူ"ဟုသာ အဓိပ္ပာယ်ကောက်ယူရသည်။

နိဂုံးချုပ်ပါမည်။ "သဲသဲမဲမဲ၊ မဲမဲသဲသဲ" တို့၏ အဓိပ္ပာယ်မှာ "စွဲစွဲမြဲမြဲ၊ တစိုက်မတ်မတ်၊ စူးစူးစိုက်စိုက်၊ ပြင်းပြင်းထန်ထန်" ဟူ၍ ဖြစ်ပါသည်။ "မည်းမည်းသည်းသည်း"၏ အဓိပ္ပာယ်မှာ "အလွန်မည်းသော"ဟူ၍ ဖြစ်ပါသည်။ "သည်းသည်းမည်းမည်း" ဟူသော အရေးမရှိပါ။ "အိုး"မဲသည် "အိုး"၌ စွဲမြဲကပ်ငြိနေသောအရာ"ဖြစ်သည်။ မိဘမျက်နှာကို "အိုးမဲသုတ်သည်"ဆိုသော အိုးမဲမှာ ဤအိုးမဲဖြစ်သည်။ "အိုးမည်း"ဟု ရေးငြားအံ့၊ "မည်းနက်သောအိုး"ဟုသာ ဆိုရမည်။ ဤအိုးမည်းကား သုတ်၍ရသောအိုးမည်းမဟုတ်။ ဦးခေါင်းကို အိုးမည်းဖြင့် ပစ်ပေါက်လိုက ပစ်ပေါက်၍ ရတန်ကောင်းသတည်း။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။**

# ၂၀၂၄ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

၂၀၂၄ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့ပတ်လမ်းဘေးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်းမြေနေရာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ အရာရှိကြီးများနှင့်ဇနီးများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။



**နှစ်စဉ်ကျင်းပခြင်းဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က သစ်တောများနှင့် သစ်ပင်များကို အမြတ်တနိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထပ်မံစိုက်ပျိုးခြင်းများသည် တိုင်းပြည်တစ်ပြည်အတွက် ကောင်းကျိုးများစွာကို ဖန်တီးပေးခြင်းဖြစ်သည့်အတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ပုဒ်မှာ **"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး"**ဟူ၍ ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးစိမ်းလန်းစိုပြည်စေရန် လူသားအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင် အချိန်၊ ငွေ၊ လုပ်အား၊ အရင်းအနှီးများစွာ စိုက်ထုတ်ဆောင်ရွက်ရသည့်အတွက် တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်စေရန်အတွက် စတင်စိုက်ပျိုးသည်မှစ၍ စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်းသွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အထိမ်းအမှတ်သစ်ပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၏ ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများက သတ်မှတ်နေရာများ၌ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**စုပေါင်းစိုက်ပျိုးခဲ့**

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ စိန်ပန်း၊ ငု၊ သပြေ စသည့် သစ်ပင်စုစုပေါင်း ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရုံး၊ ဌာနများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးလျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ယနေ့တွင် သစ်ပင် ၃၂၆၃၉ ပင်တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးတို့နှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးတို့နှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူး ချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးနှင့် ဌာနအကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ် အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ် မန်နေဂျာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးတာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး အတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် ဓာတ်အားထုတ်လုပ်မှုကို တိုးချဲ့တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ ထုတ်လုပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ပိုမိုသယ်ဆောင်နိုင်ရန်ကိုလည်း ဆောင်ရွက်လျက် ရှိကြောင်း၊ တဖက်တွင်လည်း ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့ကို ဟန်ချက်ညီ တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ပြင် ဓာတ်အားခကောက်ခံရာတွင်လည်း ရရှိသင့်သော နိုင်ငံတော်၏ဘဏ္ဍာငွေကို အလေအလွင့်မရှိစေရေး စနစ်တကျကောက်ခံသွားရန် လိုအပ်ကြောင်း၊

**စေတနာထား၍ လုပ်ဆောင်**

မိမိတို့ ဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးနေသော ဌာနဖြစ်သည့်အလျောက် စေတနာထား၍ လုပ်ဆောင်ပေးကြရန်နှင့် ပြည်သူလူထု၏ဖြစ်ပေါ်နေသော အခက်အခဲများကို ပွင့်လင်းမြင်သာစွာ ရှင်းပြပြီး တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်အဆင့်ရှိ ဝန်ထမ်းများသည် ပြည်သူနှင့် အနီးကပ်ဆုံး ထိတွေ့ဆောင်ရွက်ရသည့် အဖွဲ့အစည်းများဖြစ်၍ ဝန်ကြီးဌာန၏ ပုံရိပ်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများအနေဖြင့် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ဆောင်ရွက်သွားရန်နှင့် မြို့နယ်တာဝန်ခံများက မိမိတို့ဝန်ထမ်းများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၄ ခရိုင်မှ ကြီးကြပ်ရေး တာဝန်ရှိသူများက မိမိတို့တာဝန်ယူ ကြီးကြပ်ရသည့် သက်ဆိုင်ရာ ခရိုင်အလိုက် ဆောင်ရွက်ထားမှု အခြေအနေများနှင့် ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများက မိမိတို့ ခရိုင်၊ မြို့နယ်များအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ နှစ်အလိုက် ဓာတ်အားတိုးတက်သုံးစွဲလာမှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဓာတ်အားခများ ကောက်ခံရရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ခရိုင် ၁၄ ခရိုင်မှ ကြီးကြပ်ရေး တာဝန်ရှိသူများ၏ တင်ပြမှုများနှင့် စပ်လျဉ်း၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းပြီး တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်မြို့နယ်၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မြိတ် ဇွန် ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာတွင် သစ်တောဦးစီးဌာနမှ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အထက(အင်္ဂမော်)ကျောင်း၌ ယမန်နေ့က ကျင်းပပြီး ကျေးရွာသုံးစိုက်ခင်းနှစ်ဧကတွင် မန်ဂျန်ရှားပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ကြီး ဦးအေးလင်းက အဖွင့်အမှာစကားပြောကြားပြီး သစ်တောနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးအကြောင်းကို သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်း၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အကြောင်းအရာများကို ဦးစီးအရာရှိ ဦးဝေယံမြင့်ချိုတို့က ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအား ဟောပြောသည်။

ဟောပြောပွဲအပြီးတွင် အင်္ဂမော်ကျေးရွာ၏ ကျေးရွာသုံးစိုက်ခင်း နှစ်ဧကတွင် သစ်ပင်စနစ်တကျ စိုက်ပျိုးဆောင်ရွက်နည်းစနစ်ကို တောအုပ်ကြီး ဦးခင်စိုးက ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားပြီး သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့်အတူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက မန်ဂျန်ရှားပျိုးပင် ၂၄၂၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၂**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ရေကူးကန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမှာစကားပြောကြားရာတွင်ရေကူးအားကစားနည်းသည် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ စသည့် နိုင်ငံတကာ အားကစားပြိုင်ပွဲကြီးများတွင် ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့အားကစားနည်းများကဲ့သို့ မဖြစ်မနေ ထည့်သွင်းကျင်းပသည့် အားကစားနည်းတစ်ရပ် ဖြစ်ပါကြောင်း၊ ရွှေတံဆိပ် အများဆုံးချီးမြှင့်သည့် အားကစားနည်းများထဲတွင် ရေကူးအားကစားနည်းပါဝင်ပါကြောင်း၊ ထို့ပြင် အားကစားသမားတစ်ဦးတည်းက ဆုတံဆိပ်များစွာ ရယူပေးနိုင်သည့် အားကစားနည်း တစ်ခုအဖြစ်လည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**မပျက်မကွက်**

**ထည့်သွင်းကျင်းပပေး**

ထို့ကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရာတွင် ရေကူးအားကစားနည်းကို မပျက်မကွက် ထည့်သွင်းကျင်းပပေးခဲ့ပါကြောင်း၊ ရေကူးအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ရန်အတွက် အရည်အချင်းရှိပြီး နုပျိုထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ရှိနေရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် ယခုပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင် အားကစားသမားများကို ကြီးကြပ်ကွပ်ကဲ လိုက်ပါလာကြသည့် အုပ်ချုပ်မှုအဖွဲ့များအနေဖြင့်လည်း မိမိတို့အသင်း အဆင့်မြင့်မြင့် ယှဉ်ပြိုင်အောင်ပွဲခံနိုင်ရေးအတွက် မိမိတို့ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းတွင် အဆင့်ဆင့်သော ပြိုင်ပွဲများကျင်းပပြီး စနစ်တကျ လူရွေးချယ်ကာ အချိန်အတိုင်းအတာတစ်ခုအထိ စခန်းသွင်းလေ့ကျင့်လာရောက်ယှဉ်ပြိုင်ခြင်းမျိုးဖြစ်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အားကစားမောင် / မယ်များအနေဖြင့်လည်း မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်း အောင်နိုင်ရေးအတွက် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အနိုင်မခံအရှုံးမပေးဘဲ အကောင်းဆုံးပါဝင် ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင် အသင်းကို အင်အားဖြည့်တင်းနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာစေရန် ကြိုးစားသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး ၂၀၂၄ ခုနှစ်ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ ဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲပွဲစဉ် ယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူငယ်များ ရေကူးအားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် ရေကူးမျိုးဆက်သစ် လူငယ်များ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၁ သင်းနှင့် အမျိုးသမီးအသင်း ၁၁ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## မိုင်းရှူးမြို့တွင် ၂၀၂၄ ခုနှစ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုင်းရှူး ဇွန် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မျိုး ဦးဆောင်မှုဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီလူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အခြေခံပညာမူလတန်း(ကြူလွိုင်)ကျောင်း၌ ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က သစ်ပင်စိုက်ပျိုးပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အောင်မျိုးသန့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်တို့က သက်ဆိုင်ရာတာဝန်ရှိသူများထံ စိန်ပန်းအနီပင် ၂၀၀၊ စိန်ပန်းအပြာပင် ၂၀၀ နှင့် ရေသင်းဝင်ပင် ၅၀၀၊ ကျွန်းပင် ၁၀၀၊ မဲဇလီပင် ၅၀၀ စုစုပေါင်းပျိုးပင် ၁၅၀၀ ပေးအပ်ကာ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



---

## ချမ်းမြသာစည်မြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက် (၃)ဖြင့် ယမန်နေ့က ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် ဝန်ထမ်းများ၊ အောင်သာယာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်တို့က အသက် ၁၀ နှစ်ပြည့်ပြီးသူ ၂၈ ဦးနှင့်အသက် ၁၈ နှစ်နှင့်အထက် ပြည့်သူ ၃၂ ဦးတို့ကို ကွင်းဆင်းဆောင်ရွက်ပေးပြီး ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ မရှိသေးသော ပြည်သူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် (၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး Mrs. Ponnamperuma Arachige Prabashini Ponnamperuma ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍဆိုင်ရာ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများ၊ ကမ်းဝေးငါးဖမ်းဆီးမှုလုပ်ငန်းတွင် နိုင်ငံတကာ ပင်လယ်ရေပိုင်နက်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ (ယူအေအီး) သံအမတ်ကြီးနှင့် ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (ယူအေအီး) သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed Al Faheem အား ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Imran Haider အား မွန်းလွဲ ၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(ယူအေအီး) သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed Al Faheem အား လက်ခံတွေ့ဆုံစဉ်။

ပြည်ထောင်စု ဝန်ကြီးသည် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(ယူအေအီး) သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာ-ယူအေအီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အဆောက်အအုံလမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စု ဝန်ကြီးနှင့်အတူ ဝန်ကြီးဌာနမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ညောင်လေးပင်မြို့၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆိုင်းဘုတ် စိုက်ထူ

ညောင်လေးပင် ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ စီစဉ်လမ်းညွှန်မှုဖြင့် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ညောင်လေးပင်မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်းကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေးလမ်း မင်းလမ်းထောင့်တွင် သပြေပန်းနှင့် အမွှေးနံ့သာ ရည်ပက်ဖျန်း၍ စိုက်ထူခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဆိုင်းဘုတ်စိုက်ထူပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အသိပညာပေးဆိုင်းဘုတ်တွင် ကလေးအလုပ်သမားနှင့် ပတ်သက်၍ ဆိုင်(သို့မဟုတ်) ကုန်သွယ်အလုပ်ဌာန(သို့မဟုတ်) အများပျော်ရွှင်ရေးအလုပ်ဌာန၌ အသက် ၁၄ နှစ် မပြည့်သေးသောသူကို အလုပ်လုပ်ခွင့်မပြုရ၊ အသက် ၁၈ နှစ်မပြည့်သူကို အန္တရာယ်ရှိသော အလုပ်တွင်မလုပ်စေရ (သို့မဟုတ်) လုပ်ခွင့်မပြုရ၊ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ (သို့မဟုတ်) ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်စေသော အလုပ်လုပ်ရန် ခိုင်းစေခြင်းမပြုရ၊ ကလေးအလုပ်သမားခိုင်းစေခြင်းအား အတူတကွတိုက်ဖျက်ကြပါစို့၊ ကျွန်ုပ်တို့ကလေးများ၏ အနာဂတ် လုံခြုံစိတ်ချနိုင်ရန် ကလေးလုပ်သားခိုင်းစေခြင်းကို အဆုံးသတ်ခြင်းဖြင့် စတင်လုပ်ဆောင်ကြပါစို့ စသည့်အသိပညာပေး အကြောင်းအရာများနှင့် ကာတွန်းရုပ်ပြများ ပါဝင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# နမ့်စန်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေ



နမ့်စန် ဇွန် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် နိုင်ငံတော်၏စီမံကိန်းများ အောင်မြင်စေရန် အခြေခံကျသောလုပ်ငန်းစဉ်ဖြစ်သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်စေရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၄)ရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော မြို့နယ်အဆင့်သန်းခေါင်စာရင်း လုပ်ငန်းကော်မတီဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပြည်ထောင်စုလမ်းမကြီးပေါ်တွင် သွားလာနေကြသော ပြည်သူများကို ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ(ရှမ်းနှင့် မြန်မာဘာသာနှစ်မျိုး)ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သူရအောင်(နမ့်စန်)

# တောင်ငူမြို့၌ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုစတာဆိုင်းဘုတ်စိုက်ထူ



တောင်ငူ ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ဦးဆောင်၍ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာဆိုင်းဘုတ် စိုက်ထူခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မိုင်ဒါကွင်းရှေ့ ရန်ကုန်-မန္တလေးလမ်းမကြီးဘေး၌ ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ဇော်ဝင်းနှင့် ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ပွင့်ဖြူစင်သက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ မြေစိုက်ပိုစတာဆိုင်းဘုတ်တွင် “ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ(၂၀၁၉)၊ ကလေးသူငယ်များအား လုပ်ကိုင်ခွင့်မပြုသည့်နေရာများ၊ ကလေးသူငယ်များအား ခိုင်းစေခြင်းမပြုရမည့် အလုပ်များ စသည့်အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဘကကျောင်းတွေဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ တစ်ထောင့်တစ်နေရာက အထောက်အကူဖြစ်စေတဲ့ အမျိုးသားကောင်း၊ အမျိုးကောင်းသမီး မျိုးဆက်သစ်လူငယ်တွေကို မွေးထုတ်ပေးနေပါတယ်

ဦးသုတစရ

တွေ့ဆုံမေးမြန်း - သစ္စာ(mna)
ဓာတ်ပုံ - ဇွဲမာန်

၂၀၂၄- ၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဇွန် ၃ ရက်မှ စတင်ဖွင့်လှစ်သည့်နည်းတူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများလည်းစတင် ဖွင့်လှစ်သင်ကြားလျက်ရှိပြီး နိုင်ငံတော်၏ အခြေခံပညာရေးစနစ်ကို ဖော်ဆောင်ရာ၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ အခန်းကဏ္ဍသည်လည်း အရေးပါလျက်ရှိရာ ကိုရင်၊ သီလရှင်လေးများ၊ တိုင်းရင်းသားလူငယ်များနှင့် အခြေခံပြည်သူတို့၏ သားသမီးများ မှီခိုအားထားလျက်ရှိသည့် သာကေတမြို့နယ် ရွှင်းသာရပ်ကွက်ရှိ နတ်မောက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာတော်၊ ကိုရင်၊ သီလရှင်လေးများနှင့် ဆရာမတို့၏ ပညာရေးကို အပတ်တကုတ် အလေးထား သင်ကြား၊ သင်ယူနေမှုတို့ကို စုစည်းဖော်ပြလိုက်ပါသည်။


ဦးသုတစရ


ဦးတေဇနိယ


ကိုရင်ပညာဇောတ


ဆရာလေးဝိဇေယျဝတီ


မောင်မျိုးသန့်


ဒေါ်အေးအေးနွယ်

**ဦးသုတစရ (နတ်မောက်ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း ကျောင်းထိုင်ဆရာတော်)**

ဒီနတ်မောက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ပြည်ပ သာသနာပြုဆောင်ရွက်ခဲ့တဲ့ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုသလဆရာတော်ကြီး တည်ထောင်ခဲ့တာ နှစ်ပေါင်း ၂၀ ကျော်ပါပြီ။ ဆရာတော်ကြီးမရှိတော့တဲ့နောက်မှာ ဦးဇင်းကပဲ ဆက်လက်တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ ဆရာတော်ကြီးရှိစဉ်ကတည်းက မဖွံ့ဖြိုးသေးတဲ့ တောင်ပေါ်ဒေသက တိုင်းရင်းသားကလေးငယ်တွေကို ပညာသင်ကြား ပေးခဲ့ပြီး ရန်ကုန်မြို့မြို့နယ်တွေက ကျောင်းသား ကျောင်းသူတွေလည်း လာရောက်ပညာသင်ကြားခဲ့ကြတာ ယနေ့အချိန်ထိပါပဲ။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာ မူလတန်းဆိုရင် KG အတန်းမှာ ၁၁ ဦး၊ Grade–1 မှာ ၃၀ ၊ Grade –2 မှာ ၂၉ ဦး၊ Grade–3 မှာ ၂၅ ဦး၊ Grade–4 မှာ ၂၇ ဦးနဲ့ Grade–5 မှာ ၁၃ ဦးရှိပါတယ်။ အလယ်တန်းအဆင့်မှာဆိုရင် Grade– 6 မှာ ၂၅ ဦး၊ Grade–7 မှာ ၁၂ ဦး၊ Grade–8 မှာ ရှစ်ဦး၊ Grade–9 မှာ ၂၆၈ ဦးနဲ့ စုစုပေါင်း ၄၄၈ ဦးကို ဆရာ ဆရာမ ၁၈ ဦးက ပညာသင်ကြား ပေးနေပါတယ်။ အထက်တန်းအဆင့် ကိုရင်၊ သီလရှင်တွေလည်း ရှိတာ ကြောင့် တာဝန်ရှိသူများနဲ့ ဆွေးနွေးတိုင်ပင်ပြီး ဆက်လက်ပညာသင်ကြား နိုင်အောင် စီမံဆောင်ရွက်ထားပါတယ်။ အထက်တန်းအဆင့်ဆိုရင်လည်း ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်ရှိပါတယ်။

ဒီနှစ်မှာကျောင်းသားတိုးလာတယ်။ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းကို ဘာလို့ဆက်ပြီး ဖွင့်လှစ်ရသလဲဆိုတော့ မရှိနွမ်းပါးတဲ့ ကလေးတွေကို ပညာရေးနဲ့ထောက်ပံ့ပြီး တိုင်းပြည်နဲ့ဘာသာ၊ သာသနာ အတွက် တစ်ဖက်တစ်လမ်းကနေ တတ်စွမ်းသမျှ ဆောင်ရွက်နေတာပါ။ သံဃာနဲ့ တိုင်းရင်းသားကလေးတွေများတယ်။ အခက်အခဲတွေလည်းရှိ တယ်။ ပအိုဝ်း၊ ပလောင်၊ ရှမ်း၊ မြန်မာအပါအဝင် ကိုရင် ၆၄ ပါး ဒီကျောင်းမှာ ကျောင်းအိပ်ကျောင်းစားနဲ့ ပညာသင်ကြားနေကြပါတယ်။ ရှေ့ဆက်ပြီး ကလေးတွေရဲ့ ပညာရေးအတွက် ဆက်ပြီးဖွင့်ခွင့်ရဖို့လည်း အကူအညီ တောင်းလိုပါတယ်။ ဘကကျောင်းတွေဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးမှာ တစ်ထောင့်တစ်နေရာက အထောက်အကူဖြစ်စေတဲ့ အမျိုးသား ကောင်း၊ အမျိုးကောင်းသမီး မျိုးဆက်သစ်လူငယ်တွေကို မွေးထုတ်ပေး နေပါတယ်။

**ဦးတေဇနိယ (နတ်မောက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း တာဝန်ခံ)**

နိုင်ငံတော်ကသတ်မှတ်ထားတဲ့ ကျောင်းအပ်နှံရေးရက်သတ္တပတ် ကစပြီး ကျောင်းအပ်လက်ခံခဲ့ပြီးတော့ ဇွန် ၃ ရက်ကစပြီး ကျောင်းဖွင့် ခဲ့တယ်။ ကျောင်းကကိုရင်နဲ့ သီလရှင်ဆရာလေးတွေဆိုရင် ပညာကို တော်တော်လိုလားကြတယ်။ မြို့နယ်တွေက လာတက်ကြတဲ့ ကလေး တွေဆိုရင်လည်းအတူတူပဲ။ ဆရာ ဆရာမတွေကလည်း ဖိဖိစီးစီး သင်ကြားပေးကြတယ်။ ပညာသင်ကြားရေးအပိုင်းမှာ ဆရာ ဆရာမတွေ ကို အထူးပဲကျေးဇူးတင်ရပါတယ်။ ရရှိတဲ့ လစာငွေလေးနဲ့ ကလေးတွေရဲ့ ပညာရေးကို စေတနာ၊ အနစ်နာ၊ ဝါသနာနဲ့ ယနေ့အထိ သင်ကြားပေးနေ မှုဟာ ဂုဏ်ယူစရာပါ။ တိုင်းရင်းသားတွေဆိုရင် ဒေသဖွံ့ဖြိုးမှုအပေါ် မူတည်ပြီး ရန်ကုန်မြို့က ဘုန်းတော်ကြီးကျောင်းတွေမှာ ကျောင်းအိပ် ကျောင်းစားနဲ့ ပညာသင်ကြားနေကြတာများတယ်။ နတ်မောက်ဘုန်းတော် ကြီးသင်ပညာရေးကျောင်းက နိုင်ငံ့ဝန်ထမ်းနဲ့ ဘာသာရေးနယ်ပယ်မှာ တာဝန်ထမ်းဆောင်နေသူတွေကို မွေးထုတ်ပေးခဲ့တဲ့ ကျောင်းလည်းဖြစ် ပါတယ်။

**ဆရာမဒေါ်အေးအေးနွယ်(အတန်းပိုင်)**

နတ်မောက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာ စာသင် ဖြစ်တာ ခြောက်နှစ်ရှိပါပြီ။ ပထမစာသင်ဖို့စိတ်ကူးမရှိပါဘူး။ ကျောင်းမှာ ဆရာ ဆရာမအင်အားလိုပြီး ဖြည့်ဆည်းပေးပါဆိုတဲ့အတွက် အဲဒီကစပြီး သင်ဖြစ်သွားတာ ကျောင်းသားတွေအပေါ် သံယောဇဉ်ဖြစ်သွားတော့ ဒီနေ့အထိ စာသင်ဖြစ်နေပါတယ်။ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းမှာ သင်ကြားခွင့်ရတာ ကျေနပ်တယ်။ ပျော်လည်းပျော်ပါတယ်။ ဒီမှာသာသင်ကြားပေးမှုမရှိဘူးဆိုရင် ကလေးတွေပညာရေးနယ်ပယ်က ဝေးကွာသွားမယ့်သဘောရှိပါတယ်။ အထူးသဖြင့် ကိုရင်နဲ့ သီလရှင်လေး တွေအတွက် ပညာသင်ကြားရတာ အခြေခံပညာကျောင်းတွေမှာ ပိုပြီး ခက်ခဲပေမယ့် ဘကကျောင်းတွေဆိုရင် အဆင်ပြေပါတယ်။ သင်ကြားမှု အပိုင်း ဆက်ပြီးအောင်မြင်ဖို့ဆိုရင် လိုအပ်ချက်တွေကို ဖြည့်ဆည်းရမယ့် အပိုင်းတွေလည်း ရှိနေပါတယ်။ နိုင်ငံတော်ကပညာရေးကဏ္ဍကို ဖော်ဆောင်ရာမှာ ကျွန်မတို့ဆရာ ဆရာမတွေအနေနဲ့ တတ်စွမ်းသမျှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနေပါ တယ်။

**ကိုရင်ပညာဇောတ (Grade– 9 ၊ ပလောင်တိုင်းရင်းသား)**

ကိုရင်နတ်မောက်ကျောင်းမှာ ပညာသင်ကြားတာ သုံးနှစ်ရှိပါပြီ။ ဘုန်းကြီးကျောင်းမှာနေတဲ့အတွက် ဒီမှာပဲ ပညာသင်ကြားခဲ့ပါတယ်။ ဇာတိက ရှမ်းပြည်နယ် နန်းခမ်းမြို့က ပလောင်လူမျိုးပါ။ ဒီကဆရာ ဆရာမ တွေနဲ့ စာသင်ရတာအဆင်ပြေတယ်၊ သင်ပြမှုလည်း ကောင်းတယ်။ တိုင်းရင်းသားကိုရင်လေးတွေကို စာပြန်သင်ကြားပေးဖို့ ရည်မှန်းချက် ရှိပါတယ်။ ကွန်ပျူတာပညာကအစ သင်ကြားပေးချင်ပါတယ်။ Grade– 12 အောင်မြင်ပြီးရင် အဝေးသင်တက္ကသိုလ်တက်ဖို့ မှန်းထားပါတယ်။ အခုလို ပညာသင်ကြားခွင့်ရအောင် ကူညီပံ့ပိုးပေးတဲ့ ဆရာတော်တွေကို လည်း အထူးကျေးဇူးတင် ဦးခိုက်ပါတယ်။

**ဆရာလေးဝိဇေယျဝတီ(Grade– 9၊ ရှမ်းတိုင်းရင်းသူ)**

ဆရာလေးက ရှမ်းပြည်နယ် ကျောက်မဲမှာနေပါတယ်။ ဒီမှာ ကျောင်းတက်တာ သုံးနှစ်ရှိပြီ။ ဆရာ ဆရာမတွေနဲ့စာသင်ရတာပျော် တယ်။ ဆရာလေးစာကြိုးစားနေပါတယ်။ ဆရာဝန်ဖြစ်ချင်လို့ပါ။ ဘာသာရပ်ထဲမှာဆိုရင်လည်း Bio ကို စိတ်ဝင်စားတယ်။ ပြီးတော့ လူမှု ရေးဘာသာကိုလည်း စိတ်ဝင်စားတယ်။ ဆရာဝန်ဖြစ်ရင် ကျေးလက်က ပြည်သူတွေကို ကုသပေးချင်တယ်။ ဒီနှစ်မှာအကောင်းဆုံး စာကြိုးစား ပြီး အဆင့်–၁ ရအောင် ကြိုးစားသွားမယ်။

**မောင်မျိုးသန့်(Grade – 9၊ ချင်းရခိုင်တိုင်းရင်းသား)**

ကျွန်တော်ကသန်လျင်မှာနေပါတယ်။ ဖခင်ကချင်းလူမျိုးနဲ့မိခင် က ရခိုင်လူမျိုးပါ။ နတ်မောက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ဒီနှစ်မှတက်ဖြစ်တာပါ။ အခြားကျောင်းထက် ဘုန်းတော်ကြီးသင်ပညာ ရေးကျောင်းကိုတက်ဖြစ်ရတာက ယဉ်ကျေးမှုအပိုင်းနဲ့ သင်ကြားမှု အပိုင်းကောင်းလို့ပါ။ Grade–12 အောင်သွားရင် တက္ကသိုလ်တက်မှာပါ။ တက္ကသိုလ်ရောက်မှပဲ အသက်မွေးဝမ်းကျောင်း ဘာလုပ်မယ်ဆိုတာ ဆုံးဖြတ်မှာပါ။ အခုလို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာ တက်ရောက်ခွင့်ရတဲ့အတွက် နိုင်ငံတော်ကလူကြီးတွေ၊ ဆရာတော်တွေ နဲ့ ဆရာ ဆရာမတွေကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရဲ့ စာသင်သားအားလုံးကိုလည်း စာကြိုးစားဖို့တိုက်တွန်းလိုပါတယ်။။ လူငယ်ဆိုတာ တိုင်းပြည်အနာဂတ်မှာ အရေးပါတဲ့အတွက် နိုင်ငံ အတွက် အကောင်းဆုံးအကျိုးပြုနိုင်အောင် ပညာသင်ချိန်မှာ စာကြိုးစား ဖို့လိုပါတယ်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေဖြင့် ရည်ရွယ် ချက်များထားရှိ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အဆိုပါရည်ရွယ် ချက်များမှာ ဆင်းရဲချမ်းသာမရွေး လူတိုင်း အရေး၊ အဖတ် အတွက် အခြေခံပညာနှင့် ခေတ်ပညာတတ်မြောက်စေရန်၊ ပညာသင်ကြားရေး၌ စရိတ်သက်သာပြီး လွယ်ကူမှုရှိစေရန်၊ ကိုယ်ကျင့်တရား ကောင်းမွန်ပြီး အများအကျိုး၊ နိုင်ငံအကျိုးသယ်ပိုးလိုသည့် သားကောင်း သမီးကောင်း များ ဖြစ်လာစေရန်၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို သိရှိနားလည် ၍ မြတ်နိုးစွာ လိုက်နာခံယူတတ်ကြစေရန်၊ ဗုဒ္ဓဘာသာ သာသနာတော် ဆိုင်ရာ အဆုံးအမများကို ကြားနာမှတ်သား သိရှိလိုက်နာပြီး အနာဂတ် သာသနာကို တာဝန်ယူကြမည့် ဗုဒ္ဓဘာသာဝင်ကောင်းများ ဖြစ်ကြစေ ရန်နှင့် အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် စသည့်ရည်ရွယ်ချက်တို့ဖြင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။





သာကေတမြို့နယ် နတ်မောက်ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်းတွင် တက်ရောက်သင်ကြားနေကြသည့် အလယ်တန်း၊ အထက်တန်းကိုရင်၊ သီလရှင်နှင့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

# ခေတ်စားလာသော Online လိမ်လည်မှုများ

ကိုကိုချွန် (FIU မော်လမြိုင်)

**အွန်လိုင်းလိမ်လည်မှုဆိုသည်မှာ အင်တာနက်အွန်လိုင်း ဆက်သွယ်မှုကွန်ရက်ကိုအသုံးချ၍ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံမှ ငွေကြေး သို့မဟုတ် အချက်အလက်များ လိမ်လည်လှည့်ဖြားရယူခြင်းပင် ဖြစ်ပါသည်။ အင်တာနက်အွန်လိုင်း အသုံးပြုကျူးလွန်မှုတွင် သိသာထင်ရှားသော မှုခင်းအမျိုးအစားများမှာ လောင်းကစားမှု၊ လိမ်လည်မှုနှင့် ဆိုက်ဘာမှုခင်းများ ဖြစ်ပါသည်။ ယင်းမှုခင်းများအနက် မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရပြီး နိုင်ငံသားများ၏ ပိုင်ဆိုင်မှုငွေကြေးနှင့် လုံခြုံရေးကို တိုက်ရိုက်ခြိမ်းခြောက်နေသောမှုခင်းမှာ အွန်လိုင်းလိမ်လည်မှုပင် ဖြစ်ပါသည်။**



နည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကမ္ဘာ့လူသားများအတွင်း ရုပ်ဝတ္ထုများအပေါ် မှီခိုအားထားမှုများလည်း တစ်နေ့တခြား တိုးတက်လာပါသည်။ ၂၀၁၉ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပျံ့နှံ့ခဲ့ပြီး လူသားအားလုံးအပေါ် သက်ရောက်မှု ကြီးစွာဖြစ်ပေါ်လာခဲ့ပါသည်။ နိုင်ငံအလိုက်၊ ဒေသအလိုက် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်ပြီး သွားလာမှု ကန့်သတ်ထိန်းချုပ်ခြင်းများကို ဆောင်ရွက်လာခဲ့ရပါသည်။ ကျောင်းများ၊ အလုပ်ရုံများနှင့် စီးပွားရေးလုပ်ငန်းများ ကာလကြာရှည် ရပ်နားထားရသဖြင့် နိုင်ငံအလိုက် စီးပွားရေးအပေါ် များစွာထိခိုက်စေခဲ့ပါသည်။

ထိုအခြေအနေများကို ကျော်လွှားနိုင်ရန်အတွက် အွန်လိုင်းအသုံးပြုမှုများသည် ကဏ္ဍစုံတွင် ကျယ်ပြန့်လာခဲ့ပါသည်။ ကျောင်းများ၊ အလုပ်များ ရပ်နားထားရသဖြင့် ဆိုရှယ်မီဒီယာအသုံးပြုသူနှင့် သုံးစွဲမှုများ မြင့်တက်လာခဲ့ပါသည်။ လုပ်ငန်းများကို ကာလကြာရှည်စွာ ရပ်နားထားရန် မဖြစ်နိုင်သည့်အတွက် ကျောင်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် အွန်လိုင်းအခြေပြုလုပ်ကိုင်သည့်ပုံစံသို့ ပြောင်းလဲကျင့်သုံးလာကြပါသည်။ အွန်လိုင်းမှ စာသင်ကြားခြင်း၊ အိမ်မှအလုပ်လုပ်ခြင်း (Work From Home)၊ အွန်လိုင်းဝန်ဆောင်မှုပေးခြင်းတို့ကို ပြည်သူများအတွင်း ကျယ်ပြန့်စွာ အသုံးပြုလာကြပါသည်။ ဆိုရှယ်မီဒီယာများ၏ ကဏ္ဍစုံ အသုံးချနိုင်မှုကလည်း အွန်လိုင်းအသုံးပြုမှုကို မြင့်တက်စေခဲ့ပါသည်။ နယ်စည်းမခြား ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ်နိုင်မှုနှင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်းကလည်း အခြေခံစားသောက်ကုန်များ ပို့ဆောင်ခြင်းမှ Online Banking / Online Payment နှင့် Online Trading အထိ အသုံးပြုလာကြပါသည်။

**ဒုစရိုက်သမားများအတွက် နယ်မြေသစ်တစ်ခုဖြစ်လာ**

ထိုသို့ နည်းပညာတွင်ကျယ်လာမှုနှင့် ပြည်သူလူထုအတွင်း အွန်လိုင်းအသုံးပြုမှုများ များပြားလာခြင်းက ဒုစရိုက်သမားများအတွက် ကျင်လည်ကျက်စားရာ နယ်မြေသစ်တစ်ခု ဖြစ်လာစေခဲ့ပါသည်။ နိုင်ငံအလိုက် အွန်လိုင်းပေါ်တွင် ဖြစ်မှုကျူးလွန်မှုများလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့ပါသည်။ နိုင်ငံအလိုက် ကျူးလွန်သည့်ပုံစံများ ကွဲပြားနေသော်လည်း အများစုမှာ အွန်လိုင်းလိမ်လည်မှုများ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း အင်တာနက်အွန်လိုင်း ဆက်သွယ်ရေးပေါ် အသုံးချကာ လိမ်လည်သည့်မှုခင်းများ တိုးတက်လာခဲ့ပါသည်။ အွန်လိုင်းလိမ်လည်မှုမှ ရရှိလာသည့် ငွေကြေးများအား အွန်လိုင်း ဘဏ်လုပ်ငန်းစနစ်အပေါ် တလွဲအသုံးပြု၍ ငွေကြေးခဝါချနေခြင်းသည် နိုင်ငံတော်အတွက် ခြိမ်းခြောက်မှုတစ်ခု ဖြစ်စေပါသည်။

အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်၍ မှုခင်းရဲတပ်ဖွဲ့ထံ နယ်မြေရဲစခန်းများမှ ထင်မြင်ချက်တောင်းခံမှုအရ ၂၀၁၉ ခုနှစ်တွင် ၁၁၆ မှု၊ ၂၀၂၀ ပြည့်နှစ်တွင် ၁၄၂ မှု၊ ၂၀၂၁ ခုနှစ်တွင် ၇၈ မှု၊ ၂၀၂၂ ခုနှစ်တွင် ၁၂၉ မှုနှင့် ၂၀၂၃ ခုနှစ်တွင် ၁၇၆ မှု စုစုပေါင်း ၆၄၃ မှု ဖြစ်ပွားခဲ့ကြောင်း သိရှိရပါသည်။ အွန်လိုင်းလိမ်လည်မှုများ ပြည်သူလူထုအတွင်း အမှန်တကယ်ဖြစ်ပွားနေမှုများမှာ ယခုထက် ပိုမိုများပြားနေမည် ဖြစ်သော်လည်း လိမ်လည်ခံရသည့် ငွေပမာဏနည်းပါးခြင်း၊ ရဲစခန်းနှင့် တရားရုံးများအတွက် အချိန်မပေးခြင်း၊ ဥပဒေအရ နစ်နာသူမှ တရားလိုပြုလုပ်ရန် လိုအပ်ခြင်း၊ အလိမ်ခံရမှုအပေါ် ရှက်ရွံ့သဖြင့် မတိုင်ကြားလိုခြင်းတို့ကြောင့် အမှုဖွင့်တိုင်ကြားခြင်းမရှိသည့် မှုခင်းများစွာရှိနေနိုင်ပါသည်။ မြန်မာနိုင်ငံ၌ အွန်လိုင်းလိမ်လည်မှုများကြောင့် ပြည်သူလူထုအတွင်း နှစ်စဉ် မြန်မာကျပ်ငွေ ငါးဘီလီယံနှင့်အထက် ဆုံးရှုံးနစ်နာနေကြောင်း ခန့်မှန်းထားပါသည်။

**❝ အွန်လိုင်းလိမ်လည်မှုများ ပြည်သူလူထုအတွင်း အမှန်တကယ်ဖြစ်ပွားနေမှုများမှာ ယခုထက် ပိုမိုများပြားနေမည်ဖြစ်သော်လည်း လိမ်လည်ခံရသည့် ငွေပမာဏနည်းပါးခြင်း၊ ရဲစခန်းနှင့် တရားရုံးများအတွက် အချိန်မပေးခြင်း၊ ဥပဒေအရ နစ်နာသူမှ တရားလိုပြုလုပ်ရန်လိုအပ်ခြင်း၊ အလိမ်ခံရမှုအပေါ် ရှက်ရွံ့သဖြင့် မတိုင်ကြားလိုခြင်းတို့ကြောင့် အမှုဖွင့်တိုင်ကြားခြင်းမရှိသည့် မှုခင်းများစွာရှိနေနိုင်ပါသည်။ မြန်မာနိုင်ငံ၌ အွန်လိုင်းလိမ်လည်မှုများကြောင့် ပြည်သူလူထုအတွင်း နှစ်စဉ် မြန်မာကျပ်ငွေ ငါးဘီလီယံနှင့်အထက် ဆုံးရှုံးနစ်နာနေကြောင်း ခန့်မှန်းထား ❞**

အွန်လိုင်းလိမ်လည်မှုများအနက် အရိုးရှင်းဆုံးသော လိမ်လည်နည်းမှာ အွန်လိုင်းပေါ်ကြော်ငြာထားသောပစ္စည်းများအား ငွေပေးချေပြီးနောက် ပစ္စည်းပေးပို့သူမှတစ်ဆင့် ဝယ်ယူသူထံ ရောက်ရှိလာချိန်တွင် ကုန်အမှတ်တံဆိပ် မှားယွင်းခြင်း၊ အရည်အသွေး၊ အရွယ်အစား၊ အရောင်နှင့် ပုံသဏ္ဌာန် ကွဲလွဲနေခြင်းတို့သည် အခြေခံအကျဆုံးသော အွန်လိုင်းလိမ်လည်နည်းများ ဖြစ်ကြပါသည်။ လိမ်လည်မှုများသည် အသေးစားလိမ်လည်မှုများဖြစ်သဖြင့် သက်ဆိုင်ရာသို့ တိုင်ကြားခြင်းမရှိသည်ကို နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရပါသည်။

**အများဆုံးကျူးလွန်သည့် ပုံစံ (၅) မျိုး**

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည့် "Illicit Financial Flows from Cyber-Enabled Fraud" အစီရင်ခံစာတွင် အွန်လိုင်းလိမ်လည်မှုမှာ Cyber-Enabled Fraud များဖြစ်ပြီး အများဆုံးကျူးလွန်သည့် ပုံစံ (၅) မျိုးကို ဖော်ပြထားပါသည်။

(၁) Application များ၊ Website အတုများ အသုံးပြု၍ သတင်းအချက်အလက်များ ရယူပြီး လိမ်လည်ခြင်း (Phishing Fraud)

(၂) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် မိုဘိုင်းငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ၏ ဝန်ထမ်းအယောင်ဆောင်၍ လိမ်လည်ခြင်း (Social Media and Telecommunication Fraud)

(၃) အွန်လိုင်းပေါ်တွင် ခင်မင်ရင်းနှီးအောင်ပြုလုပ်၍ လိမ်လည်ခြင်း (Online Romance Fraud)

(၄) အရောင်းအဝယ်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အကြောင်းပြု၍ လိမ်လည်ခြင်း (Online Trading/ Trading Platform Fraud)

(၅) အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဟု အကြောင်းပြု၍ လိမ်လည်ခြင်း (Employment Scam)။

**Application များ၊ Website အတုများ အသုံးပြု၍ လိမ်လည်ခြင်း**

လိမ်လည်သူများသည် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အမှတ်တံဆိပ်များကို အသုံးပြုပြီး Facebook စာမျက်နှာတွင် **"အခက်အခဲများအား ကူညီပေးကြောင်း"** ဖော်ပြကာ Post တင်ထားပါသည်။ အကူအညီတောင်းခံလာပါက Link တစ်ခုချပေးကာ အသင့်ပြုလုပ်ထားသည့် Application အား Download ဆွဲစေပြီး ငွေစာရင်းနှင့်ပတ်သက်သည့် အချက်အလက်များ၊ User Name နှင့် Password များ ဖြည့်သွင်းစေခြင်းဖြင့် လိမ်လည်သူက ငွေစာရင်းအား ထိန်းချုပ်ရယူပါသည်။ ထို့အတူ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုကို လူမှုကွန်ရက်စာမျက်နှာတွင် လွှင့်တင်ထားပြီး ၎င်း Page သို့ ဆက်သွယ်လိုက်ပါက မိမိ Viber သို့ Link ပေးပို့ကာ အသင့်ပြုလုပ်ထားသည့် Application အား Download ဆွဲစေပါသည်။ အဆိုပါ Application တွင် ငွေစာရင်းနှင့် ပတ်သက်သည့် အချက်အလက်များ၊ User Name နှင့် Password ဖြည့်သွင်းစေခြင်းဖြင့် ငွေစာရင်းအား ထိန်းချုပ်ရယူပါသည်။

ထို့ပြင် မိမိ၏ ကိုယ်ရေးအချက်အလက်များကို နည်းလမ်းမျိုးစုံဖြင့် စုံစမ်းရယူကြပြီး မိမိငွေစာရင်းဖွင့်လှစ်ထားသည့် ဘဏ် သို့မဟုတ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတစ်ခု၏ အမည်နှင့် တံဆိပ်များကို အသုံးပြုကာ "သင့်ပရိုဖိုင်ဒေတာတွင် အမှားအယွင်းများကြောင့် သင့်ငွေစာရင်းသို့ ငွေအဝင်/အထွက် လွှဲပြောင်းခြင်းကို ငြင်းပယ်ခဲ့ကြောင်း၊ ဤနေရာ "Link" ကို နှိပ်၍ သင်၏ ကိုယ်ရေးအချက်အလက်များကို ဖြည့်သွင်းပါ" ဟု မိမိ၏ အီးမေးလ်သို့ ပေးပို့လာပါသည်။ အဆိုပါ Link အား ဖွင့်ကြည့်ပါက မိမိငွေစာရင်းဖွင့်လှစ်ထားသည့် ဘဏ် သို့မဟုတ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု၏ အမည်၊ အမှတ်တံဆိပ်များဖြင့် အတုပြုလုပ်ထားသည့် Website သို့ ရောက်ရှိသွားမည် ဖြစ်ပါသည်။ ယင်းနောက် User Name နှင့် Password ဖြည့်သွင်းရန် တောင်းဆိုလာပြီး အချက်အလက်များ ဖြည့်သွင်းလိုက်ပါက မိမိ၏ ငွေစာရင်းကို ထိန်းချုပ်ရယူကာ ငွေကြေးလိမ်လည် ရယူသွားမည် ဖြစ်ပါသည်။

အခြားနည်းလမ်းမှာ မိမိလက်ကိုင်ဖုန်း Viber သို့ **"ငွေစာရင်းရှိ ငွေများကို Deactivate လုပ်လိုက်ကြောင်း၊ မသင်္ကာမှုဖြင့် ပိတ်သိမ်းလိုက်ကြောင်း၊ ဖြေရှင်းလိုပါက (၂၄)နာရီ အတွင်း အောက်ပါ Link သို့ ဝင်ရောက်ဖြေရှင်းပါ"** ဟု စာများ ပေးပို့လာခဲ့ရာ စိုးရိမ်စိတ်ဖြင့် ထို Link အား နှိပ်၍ ဖွင့်ကြည့်ပါက ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု၏ အမည်များဖြင့် User Name, Password ဖြည့်သွင်းရန် ပေါ်လာမည် ဖြစ်ပါသည်။ User Name, Password ဖြည့်သွင်းပေးလိုက်ပါက မိမိဘဏ်ငွေစာရင်းအား ထိန်းချုပ်ကာ ငွေကြေးများ လွှဲပြောင်းရယူသွားမည်ဖြစ်ပါသည်။

**ဝန်ထမ်းအယောင်ဆောင်၍ လူမှုကွန်ရက်နှင့် တယ်လီဖုန်းမှတစ်ဆင့် လိမ်လည်ခြင်း**

ဒုတိယနည်းလမ်းမှာ K-Pay၊ Wave-Pay ကဲ့သို့သော မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများက မိမိထံ One Time Password (OTP) Code ပေးပို့သည့် စနစ်ပေါ်တွင် အသုံးချသော နည်းလမ်းဖြစ်ပါသည်။ ၎င်းစနစ်သည် Password မေ့နေသူ သို့မဟုတ် လက်ကိုင်ဖုန်း ပြောင်းလဲအသုံးပြုသူများအတွက် Account Login ဝင်ရောက်နိုင်စေရန် မိမိ၏ လက်ကိုင်ဖုန်းသို့ OTP Code နံပါတ်ပေးပို့သော စနစ်ဖြစ်ပါသည်။

လိမ်လည်သူသည် ဘဏ်၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခု၏ ဝန်ထမ်းအဖြစ် ဟန်ဆောင်ပြီး မိမိထံ ဖုန်းဖြင့် ဆက်သွယ်ကာ **"ငွေသွင်း/ငွေထုတ်မှုများတွင် မသမာသည့်နည်းစနစ်များ တွေ့နေရသည့်အတွက် မေးသည့်အချက်အလက်များအား အတည်ပြုပေးရန်နှင့် အတည်မပြုပါက Account အတွင်းရှိ ငွေများအားလုံးကို ယာယီပိတ်ထားမည်ဖြစ်ပြီး ငွေစာရင်းအား အပြီးဖျက်သိမ်းသွားမည်။**

စာမျက်နှာ ၁၁ သို့ ❍

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ပြည်သူ့စစ်အဖွဲ့များနှင့်တွေ့ဆုံ ဇေယျာသီရိနှင့် ပုဗ္ဗသီရိမြို့နယ်တို့သို့ မျိုးစေ့ချကိရိယာများပေးအပ်



နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင်အတွင်းရှိ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်သူ့စစ်အဖွဲ့များနှင့် ပြည်သူ့လုံခြုံရေးအဖွဲ့များအနေဖြင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ပြောကြားပြီး လုံခြုံရေးအတွက် လုပ်ဆောင်ရန်လိုအပ်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးတို့က ပြည်သူ့စစ်အဖွဲ့များနှင့် ပြည်သူ့လုံခြုံရေးအဖွဲ့များထံ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြည်သူ့စစ်အဖွဲ့များနှင့် ပြည်သူ့လုံခြုံရေးအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ပြည်သူများစာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် စာအုပ်စာစောင်များ ထားရှိမှုကို ကြည့်ရှုအားပေးပြီး ပျဉ်းမနားမြို့နယ် သကြားစက်ကျေးရွာ၌ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှု၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဆောက်အအုံဆောက်လုပ်ရာတွင် သတ်မှတ်အရည်အသွေးပြည့်မီစေရေး၊ ရေရှည်ခိုင်ခံ့စေရေး၊ စံချိန်စံညွှန်းပြည့်မီစေရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့သို့ မျိုးစေ့ချကိရိယာများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက မျိုးစေ့ချကိရိယာကို အသုံးပြုခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းလွင်က မျိုးစေ့ချကိရိယာများ လိုအပ်မှု၊ ရရှိမှုနှင့် မိုးစပါးစိုက်ပျိုးရာသီတွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ နေပြည်တော်စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဦးက မျိုးစေ့ချကိရိယာ ထုတ်လုပ်ပြီးစီးမှုနှင့် ရာသီချိန်အမီရရှိရေး ဆောင်ရွက်မည့်အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက ဒုတိယအကြိမ်အဖြစ် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ တောင်သူများထံ မျိုးစေ့ချကိရိယာများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းမှ ဓာတ်မြေဩဇာများ ပေးအပ်ကြပြီး မျိုးစေ့ချကိရိယာများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## တောင်ကြီးမြို့နယ်၌ အခွန်ဘဏ္ဍာငွေ တိုးတက်ကောက်ခံရရှိရေး အသိပညာပေး

တောင်ကြီး ဇွန် ၁၂

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းအခွန်များဦးစီးဌာန တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၁ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဆန်းမြင့်ဦးက အခွန်ပညာပေးအကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး အဆိုပါ အခမ်းအနားသို့ လုပ်ငန်းရှင် ၁၀၀ တက်ရောက်ကြောင်း သိရသည်။

**တောင်ကြီး(ကိုယ်ပွား)**

## ပုသိမ်မြို့၌ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဘောဘုတ်စိုက်ထူခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်းများပြုလုပ်



ပုသိမ် ဇွန် ၁၂

ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဘောဘုတ်စိုက်ထူခြင်းကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ ကုန်သည်လမ်းပေါ်ရှိ ရွှေပြည်သာဈေးရှေ့၌ ဧရာဝတီတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီဝင်များဖြင့် စိုက်ထူခဲ့သည်။

ထို့နောက် အသိပညာပေးဆွေးနွေးခြင်းကို မွန်းလွဲပိုင်းတွင် ပုသိမ်စက်မှုဇုန်ရှိ Dong Long အထည်ချုပ်စက်ရုံတွင် ဆက်လက်ပြုလုပ်ခဲ့ရာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးစစ်ဆေးရေးမှူးက ၁၉၅၁ခုနှစ် အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် ၂၀၁၆ ခုနှစ် ဆိုင်များနှင့်အလုပ်ဌာနများဥပဒေပါ ကလေးအလုပ်သမားနှင့် သက်ဆိုင်သည့် ဥပဒေပါပြဋ္ဌာန်းချက်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်းသိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ်



အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက စက်မှုဇုန်(၁) ဇုန်စီမံခန့်ခွဲရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရအောင်က တည်ဆဲအလုပ်သမားဥပဒေများ၊ ကလေးအလုပ်သမား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များနှင့် အန္တရာယ်ရှိသောအလုပ်ကို လုပ်ကိုင်လျက်ရှိသည့် ကလေးအလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေးအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက်တက်ရောက်လာသူများအား ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များပြသကာ ကလေးအလုပ်သမား လျော့နည်းပပျောက်ရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❍ စာမျက်နှာ ၁၀ မှ

**အတည်ဖြစ်/မဖြစ်အား မိမိလက်ကိုင်ဖုန်းသို့ ပို့ပေးသည့် OTP Code အား ပြန်လည်ပေးပို့ရမည်"** စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကာ OTP Code ပေးပို့လာစေရန် လှည့်ဖြားပြောဆိုပါသည်။ တစ်ချိန်တည်းမှာပင် မိမိ၏ K-Pay၊ Wave Pay Account အား ၎င်း၏ လက်ကိုင်ဖုန်းဖြင့် ဝင်ရောက်ပြီး forget password ရွေးချယ်လိုက်ရာ မိမိ၏ဖုန်းသို့ OTP Code ရောက်ရှိလာပါသည်။ မိမိမှ OTP Code ပေးပို့လိုက်ပါက လိမ်လည်သူသည် မိမိငွေစာရင်းအားထိန်းချုပ်ပြီး ၎င်းတို့၏ ငွေစာရင်းများထဲသို့ ငွေကြေးလိမ်လည် ရယူသွားမည်ဖြစ်ပါသည်။

အခြားနည်းတစ်ခုမှာ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ထမ်းဟန်ဆောင်၍ မိမိဖုန်းထံ ဆက်သွယ်ကာ ကံစမ်းမဲပေါက်ကြောင်း၊ OTP Code ပေးပို့မည်ဖြစ်ကြောင်း၊ ကံစမ်းမဲထုတ်ရန် OTP Code အား ပြန်လည်ပေးပို့ရန် လိမ်လည်တောင်းခံပါသည်။ မိမိမှရရှိသော OTP Code အား ပေးပို့လိုက်ပါက မိမိငွေစာရင်းအား ထိန်းချုပ်ကာ ငွေကြေးလိမ်လည်ရယူသွားမည် ဖြစ်ပါသည်။

**အွန်လိုင်းပေါ်တွင် ခင်မင်ရင်းနှီးအောင်ပြုလုပ်၍ လိမ်လည်ခြင်း**

တတိယနည်းလမ်းမှာ အွန်လိုင်းပေါ်တွင် ခင်မင်ရင်းနှီးအောင်ပြုလုပ်၍ လိမ်လည်ခြင်း (Online Romance Fraud) ဖြစ်ပါသည်။ ဤနည်းလမ်းသည် လူမှုကွန်ရက်အသုံးပြုသူများကို ပစ်မှတ်ထားကျူးလွန်လေ့ရှိသော နည်းလမ်းဖြစ်ပါသည်။ လိမ်လည်သူသည် Facebook Account များတွင် နိုင်ငံခြားသား နိုင်ငံခြားသူပုံများဖြင့် Profile တင်ပြီး မိမိနှင့် မိတ်ဆွေဖြစ်သွားပါက Messengers၊ Viber ဖြင့် အပြန်အလှန်ဆက်သွယ်ကာ အကြောင်းအရာအမျိုးမျိုး၊ ပုံစံအမျိုးမျိုး ဇာတ်လမ်းဆင်ပြောဆိုပြီး ရင်းနှီးအောင် ပြုလုပ်ကြပါသည်။ ရင်းနှီးမှုရှိလာပါက အကြောင်းအမျိုးမျိုးပြကာ မက်မောလောက်သည့် ငွေကြေးအား (ဒေါ်လာ - ပမာဏဖော်ပြ၍) လက်ဆောင်အဖြစ် ပေးပို့လိုက်သည်ဟု ပြောဆိုပါသည်။ ယင်းနောက် အခြားသူတစ်ဦးက လက်ဆောင်များရောက်ရှိနေပြီး ထုတ်ယူရန် အခွန်ပေးဆောင်ရမည်ဟု လိမ်လည်တောင်းခံပါသည်။

အချို့ဖြစ်စဉ်များတွင် လက်ဆောင်အဖြစ် တန်ဖိုးကြီးပစ္စည်းများကို Delivery ကုမ္ပဏီဖြင့် ပေးပို့လိုက်ကြောင်း၊ အခြားသူတစ်ဦးမှ Delivery ကုမ္ပဏီ၏အမည်ဖြင့် မိမိဖုန်းထံဆက်သွယ်ကာ **"ပစ္စည်းရောက်ရှိကြောင်း၊ ပစ္စည်းရွေးရန်အတွက် ငွေလွှဲပေးရမည်ဖြစ်ကြောင်း၊ တန်ဖိုးကြီးပစ္စည်းအတွက် အခွန်ဌာနတွင် အကောက်ခွန်ငွေပေးဆောင်ရမည်ဖြစ်ကြောင်း၊ ပစ္စည်းမှာ ဥပဒေနှင့်မညီညွတ်သဖြင့် ဌာနဆိုင်ရာများသို့ ငွေကြေးပေးရမည်ဖြစ်ကြောင်း"** စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကာ ငွေကြေးများ လိမ်လည်ရယူကြပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# ခေတ်မီနည်းပညာများကိုအသုံးပြု၍ အဆင့်မြင့်ကုန်ချောများအဖြစ် ပြည်ပဈေးကွက်သို့ တိုးတက်တင်ပို့နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၁၂

သားငါးထွက်ကုန်များ အစားအစာဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်ခြင်းနှင့် ခေတ်မီနည်းပညာများကိုအသုံးပြု၍ အဆင့်မြင့်ကုန်ချောများအဖြစ် ပြည်ပဈေးကွက်သို့ တိုးတက်တင်ပို့နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၉ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**တက်ရောက်**

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ငါးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ရေရှည်တည်တံ့သော ငါး၊ ပုစွန် ထုတ်လုပ်မှု ဖြစ်စေရေးနှင့် ခေတ်မီနည်းပညာများကို အသုံးပြု၍ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ တွင်ကျယ်လာစေရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက စံနမူနာပြဆောင်ရွက်ပြီး ငါး၊ ပုစွန်မွေးမြူထုတ်လုပ်သူအားလုံးကို လက်တွဲခေါ်ယူကြရန် လိုအပ်ချက်များ၊ ပြည်တွင်းပြည်ပ ဈေးကွက်ခိုင်မာရေးအတွက် အရည်အသွေးကောင်းမွန်ပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရန်လိုအပ်သဖြင့် ပြုပြင်ထုတ်လုပ်မှုလုပ်ငန်းစဉ်၌ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP)နှင့်အညီ ဆောင်ရွက်ကြရန် ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး အစည်းအဝေးတက်ရောက်လာကြသူများ၏ ငါးလုပ်ငန်းကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး မြှင့်တင်ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရွှေပြည်သာစက်မှုဇုန်ရှိ ပုဂ္ဂလိက ဆီစက်လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) ဆီစက်တာဝန်ရှိသူများကို ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများ ပိုမိုကြိတ်ခွဲနိုင်ရေး၊ မွေးမြူရေးတိရစ္ဆာန်အစာအဖြစ် အသုံးပြုရန် ပဲပုပ်ကြိတ်ဖတ်များကို ပြည်ပသွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူအိပ်ဆောင်များနှင့် စားရိပ်သာဆောင်၊ အားကစားမြေနေရာ လျာထားမှုများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြဝတီမြို့၌ ဆန်လက်လီလက်ကား အရောင်းဆိုင်များ၏ရောင်းချနေမှု ကွင်းဆင်းစစ်ဆေး

မြဝတီ ဇွန် ၁၂

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ဆန်လက်လီလက်ကား အရောင်းဆိုင်များတွင် ဆန်များ ပြတ်လပ်မှု မရှိစေရေးအတွက် ရောင်းချနေမှုအား ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြသည်။



**ကွင်းဆင်းစစ်ဆေး**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင် စားသုံးသူရေးရာဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်မိုးကို ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် ပြည်သူများသို့ နေ့စဉ်လက်လီလက်ကား ရောင်းချပေးလျက်ရှိသည့် ဆန်ဆိုင်များတွင် ကုန်ဈေးနှုန်း တည်ငြိမ်မှုရှိရေး၊ ဆန်လက်ကျန် နည်းပါးပြီး ပြတ်လပ်မှုမရှိစေရေး အတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

မြဝတီမြို့တွင် ဆန်ဆိုင်များ အနေဖြင့် ပြတ်လပ်မှုမရှိသော်လည်း ရောင်းချပေးရာ၌ ပြည်သူများအားလုံး ဝယ်ယူနိုင်ရန် သင့်တင့်သည့် ဆန်အရေအတွက်ကိုသာ ရောင်းချပေးလျက်ရှိကြောင်းနှင့် မိုးရာသီကာလ မိုးရွာသွန်းမှု များခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေးအရ ဆန်များသယ်ယူရာတွင် ရောက်ရှိမှုအချိန်အတိုင်းအတာ အနည်းငယ်ခက်ခဲမှုရှိနေကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**



# ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်

ကျိုက်ထို ဇွန် ၁၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်သူများအသင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းအဖြစ် စာရေးဆရာ ဒေါက်တာခင်မောင်ညို ရေးသားသည့် “လူငယ်နှင့်အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း” စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုက်ထိုမြို့နယ်ဦးစီးမှူး ဦးမောင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာဖတ်ရှိန်မြှင့်တင်ရေးအဖြစ် စာဖတ်သည့် အလေ့အကျင့်များရရှိစေရန်၊ စာပေမှတစ်ဆင့် အသိပညာ ဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာပေချစ်သူများအသင်းမှအဖွဲ့ဝင်များက အဆိုပါစာအုပ်မှ ရှားလေ့ဟုမ်းလည်းမှားတာပဲ၊ ရှက်စိတ်၊ ကြောက်စိတ် နဲ့အောင်စိတ်၊ လူငယ်နှင့်စူးစမ်းလေ့လာမှုများ၊ လူငယ်နှင့်အောင်မြင်ခြင်း၊ ယုံကြည်စိတ်ချမှုနဲ့ဘဝအမြင်စသည့် ခေါင်းစဉ်များကို ကဏ္ဍအလိုက် ဖတ်ကြားဆွေးနွေးရာ တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုပေးအပ်

သုံးခွ ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေရယူထားသည့် သုံးခွမြို့နယ်အတွင်းရှိ သမဝါယမအသင်းသား တောင်သူများသို့ သွင်းအားစုများ ပေးအပ်ပွဲကို ယမန်နေ့ ညနေ ၃ နာရီက ဖရုံလမ်းခွဲထိပ်၌ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် သုံးခွမြို့နယ်၌ ၂၀၂၄ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်း ၁၄ သင်းမှ အသင်းသား ၃၀၅ ဦးအတွက် ၂၆၃၅ ဧက၊ တန်ဖိုးငွေကျပ် ၅၂၇ သန်းနှင့် ညီမျှသော သွင်းအားစုများကို မြို့နယ် သမဝါယမအသင်းစုမှ အသင်းသားများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **စည်သူလင်း (ပြန်/ဆက်)**



# မော်လမြိုင်မြို့၌ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

မော်လမြိုင် ဇွန် ၁၂

ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေး



ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စက်မှုဇုန်အစည်းအဝေးခန်းမ (မော်လမြိုင်)၌ ကျင်းပသည်။

ဦးစွာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန မွန်ပြည်နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုဝေဝေဖြိုးက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါ ဆွေးနွေးပွဲအခမ်းအနားသို့ စက်မှုဇုန်ကော်မတီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်နှင့် အလုပ်ဌာနများမှ တာဝန်ရှိသူများ စုစုပေါင်း ၅၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီက အစ္စရေး-ဟားမတ်စ် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်

**ကုလသမဂ္ဂ ဇွန် ၁၂**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ကြေညာထားသည့် အပစ်အခတ်ရပ်စဲရေးအစီအစဉ်သစ်ကို သဘောတူညီရန် အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့အား တောင်းဆိုသည့် ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ယမန်နေ့တွင် ချမှတ်ခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်၌ ရက်သတ္တခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ လွှတ်ပေးရေးတို့ ပါဝင်သော အဆင့်သုံးဆင့် အဆိုပြုချက်ကို မေ ၃၁ ရက်တွင် ဂျိုးဘိုင်ဒင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းအဆိုပြုချက်ကို ထောက်ခံရန် အမေရိကန်နိုင်ငံက လုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အဆိုပါဆုံးဖြတ်ချက်ကို ဇွန် ၁၀ ရက်တွင် မဲခွဲဆုံးဖြတ်ရာ ဂျပန်နှင့်တရုတ်နိုင်ငံတို့အပါအဝင် လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံအနက် ၁၄ နိုင်ငံက ထောက်ခံမဲပေးခဲ့သည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်ခံရန် ဟားမတ်စ်အဖွဲ့အား ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီး လင်ဒါသောမက်စ်-ဂရင်းဖီးက တိုက်တွန်းပြောကြားခဲ့သည်။

အစ္စရေးက အဆိုပါသဘောတူညီချက်ကို သဘောတူထားပြီးဖြစ်သည့်အတွက် ဟားမတ်စ်အဖွဲ့က သဘောတူမည်ဆိုပါက ဂါဇာကမ်းမြောင်၌ အပြန်အလှန်စစ်ဆင်ရေးဆင်နွှဲမှုများ ချက်ချင်းရပ်တန့်သွားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သို့သော် ကုလသမဂ္ဂဆိုင်ရာ ရုရှားသံတမန် နီဘန်ဇီးယားက အစ္စရေးအနေဖြင့် အပစ်အခတ်ရပ်စဲရန် အမှန်တကယ် သဘောတူညီသလားဟု မေးခွန်းထုတ်ခဲ့သည်။ အစ္စရေးသည် ဟားမတ်စ်များကို အမြစ်ပြတ်ချေမှုန်းပြီးမှသာ တိုက်ပွဲများကို ရပ်တန့်မည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဆိုင်ရာ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်သည် အစ္စရေးနှင့် ဟားမတ်စ်တို့အပေါ် ဖိအားပေးနိုင်ခြင်းရှိ မရှိဆိုသည်ကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။




**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တောင်ကိုရီးယား ကေပေါ့ပ်အမျိုးသား ဘီတီအက်စ်အဖွဲ့ဝင်ဂျင် စစ်မှုထမ်းဆောင်ခြင်းတာဝန်ပြီးဆုံးခဲ့



**ဆိုးလ် ဇွန် ၁၂**

တောင်ကိုရီးယား ကေပေါ့ပ်အမျိုးသား ဘီတီအက်စ်အဖွဲ့ဝင် ဂျင်သည် တောင်ကိုရီးယားတပ်မတော်တွင် ၁၈ လကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် စစ်မှုထမ်းဆောင်ခြင်းတာဝန် ပြီးဆုံးခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

**ပြန်လည်ထွက်ခွာ**

အသက် ၃၁ နှစ်အရွယ်ရှိ ဂျင်သည် တောင်နှင့်မြောက်ကိုရီးယား စစ်မဲ့ဇုန်အနီး တောင်ကိုရီးယားတပ်မတော်တပ်စခန်းမှ ယနေ့ပြန်လည်ထွက်ခွာခဲ့သည်။

ဂျင်သည် ဘီတီအက်စ်အဖွဲ့တွင် ပထမဆုံး စစ်မှုထမ်းဆောင်၍ ပြီးဆုံးသည့် အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

**တွေ့ဆုံမည်**

သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် နိုင်ငံသားများသည် စစ်မှုထမ်းဆောင်ရန် လိုအပ်ကြောင်း တောင်ကိုရီးယားနိုင်ငံတွင် ပြဋ္ဌာန်းထားသည်။ ၎င်းသည် ဇွန် ၁၃ ရက်တွင် ပရိသတ်များနှင့် ဆိုးလ်မြို့တွင် တွေ့ဆုံမည်ဖြစ်သည်။

ကျန်ဘီတီအက်စ်အဖွဲ့ဝင်များ ဖြစ်သည့် JHope၊ RM၊ Jimin၊ V၊ Jungkook နှင့် Suga တို့သည် တောင်ကိုရီးယားတပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- စိုးသူရ**

# ဂျပန်နိုင်ငံ၌ သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်ရာတွင် ဒရုန်းယာဉ်များနှင့် ခေတ်မီနည်းပညာများ တိုးမြှင့်အသုံးပြုမည်

**တိုကျို ဇွန် ၁၂**

သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်ရာတွင် ဒရုန်းယာဉ်များနှင့် ခေတ်မီနည်းပညာများကို တိုးမြှင့်အသုံးပြုရေးအတွက် ဂျပန်အစိုးရ၏ မှတ်တမ်းတစ်ရပ်တွင် တိုက်တွန်းခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

နိုတိုပင်လယ်အော်တွင် နှစ်သစ်ကူးနေ့က လှုပ်ခတ်ခဲ့သည့် ငလျင်အတွင်း တာဝန်ရှိသူများ၏ တုံ့ပြန်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အစိုးရ၏ သဘာဝဘေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့က မှတ်တမ်းတစ်ရပ်ထုတ်ပြန်ခဲ့သည်။

အဆိုပါငလျင်လှုပ်ခတ်မှုအတွင်း လမ်းများပျက်စီးမှုကြောင့် ထောက်ပံ့ရေးပစ္စည်းများ နောက်ကျခဲ့သည်။ ထိုကဲ့သို့သောဖြစ်စဉ်များထပ်မံမဖြစ်ပွားစေရေးအတွက် ထောက်ပံ့ရေးပစ္စည်းများ အချိန်မီရောက်ရှိရန် ဒရုန်းယာဉ်များလိုအပ်ပြီး ယာယီအိမ်များ အမြန်ဆောက်လုပ်ရေးအတွက် အစီအစဉ်များရေးဆွဲရန် လိုအပ်ကြောင်း ၎င်းမှတ်တမ်းတွင် အကြံပြုခဲ့သည်။

ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်နေကြောင်း ဝန်ကြီးချုပ်ကီရှီဒါက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**




# ထိုင်းနိုင်ငံ ချာတူချက်ခရိုင်ရှိ တိရစ္ဆာန်ရောင်းချသည့် ဈေးအတွင်း မီးလောင်မှုဖြစ်ပွား

**ဗန်ကောက် ဇွန် ၁၂**

ထိုင်းနိုင်ငံ ချာတူချက်ခရိုင် Sri Somrat ဈေးရှိ တိရစ္ဆာန်ရောင်းချသည့် ဆိုင်မှ မီးလောင်မှုစတင်ဖြစ်ပွားရာ ဈေးအတွင်း မီးကူးစက်ပြီး ရှားပါးမျိုးစိတ်ဝင် တိရစ္ဆာန်ကောင်ရေ ထောင်ပေါင်းများစွာ သေဆုံးခဲ့ကြောင်းယမန်နေ့ဗန်ကောက်ပို့စ်သတင်းအရ သိရသည်။

ယင်းဖြစ်စဉ်အတွင်း အလှမွေးငါးများ၊ ကြောင်များ၊ ငှက်များနှင့် မြွေများသေဆုံးခဲ့ကြောင်း ဈေးရောင်းသူများက ပြောသည်။

မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းမှာ ခွေးရောင်းချသည့် ဆိုင်ရှင်က ၎င်းရောင်းချသည့် ခွေးများ သက်သောင့်သက်သာရှိစေရေးအတွက် ပန်ကာများကို ညလုံးပေါက် ဖွင့်ထားရာမှ ရှော့ဖြစ်ကာ မီးလောင်ခြင်းဖြစ်သည်။

အဆိုပါ ဈေးအတွင်းရှိ ဈေးရောင်းချသူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုးကား-ဗန်ကောက်ပို့စ်**
**ဘာသာပြန်-စိုးသူရ**

# ပါကစ္စတန်နိုင်ငံတွင် သမုဒ္ဒရာများထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်မည်

**အစ္စလာမ်မာဘတ် ဇွန် ၁၂**

ပါကစ္စတန်နိုင်ငံသည် နိုင်ငံအတွင်း သမုဒ္ဒရာများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အဏ္ဏဝါဂေဟစနစ် တည်တံ့ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူ ရိုမီနာ ကာရှစ်အလန်က ပြောကြားသည်။

ယနေ့ကမ္ဘာပေါ်ရှိ သမုဒ္ဒရာများတွင်လည်း သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ငါးအလွန်အကျွံဖမ်းဆီးမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ အလွန်အကျွံ စွန့်ပစ်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းများ ဖြစ်ပွားနေကြောင်း ဇွန် ၈ ရက်တွင်ကျရောက်သည့် ကမ္ဘာ့သမုဒ္ဒရာများနေ့ အခမ်းအနားတွင် ၎င်းက ထပ်လောင်းပြောကြားသည်။

နိုင်ငံအတွင်း သမုဒ္ဒရာများ ထိန်းသိမ်းရေးနှင့် အဏ္ဏဝါအရင်းအမြစ်ထိန်းသိမ်းရေးဒေသများ သတ်မှတ်ပြီး လုပ်ငန်းများဆောင်ရွက်နေကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၀၀ နှင့် ကက်တမင်း ကီလို ၂၀၀ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၅၀၀ နှင့် ကက်တမင်း ကီလို ၂၀၀ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းနှင့် မြို့ရှောင်လမ်းဆုံတွင် ကျိုင်းတုံဘက်မှ တာချီလိတ်သို့ မောင်းနှင်လာသည့် ယာဉ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းရာ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးစဉ် အဆိုပါယာဉ်မှာ ဂျိုးဖြူကျေးရွာ လမ်းဆုံအနီး တိမ်းမှောက်သွားခဲ့ပြီး ယာဉ်ပေါ်ပါ မျိုးကို(ခ) မျိုးကြီးကို ဖမ်းဆီးရမိခဲ့ကာ ယာဉ်မောင်း ရဲကြီးမှာ ထွက်ပြေး တိမ်းရှောင်သွားခဲ့သည်။



သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အဆိုပါယာဉ်အား ရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ် ၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၅၀၀၊ ကက်တမင်း ကီလို ၂၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ယာဉ်ပိုင်ရှင် ထက်ကြည်စိုးကို ဇွန် ၉ ရက် နံနက် ၁ နာရီတွင် ကျိုင်းတုံမြို့ ရပ်ကွက်(၃) ရှိ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်မှ ကျိုင်းတုံမြို့နယ်သို့ သယ်ဆောင်ခဲ့သည့် NISSAN DIESEL ၁၀ ဘီးယာဉ်ကို ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာ ကားကြီးကွင်းရှေ့တွင် ဆက်လက်သိမ်းဆည်းရမိခဲ့ပြီး သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို ကွန်ဟိန်းမြို့နယ်မှ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိကာ ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## သထုံမြို့၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခြင်း နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်

သထုံ ဇွန် ၁၂

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများကို ယနေ့နံနက်ပိုင်းတွင် သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ မရမ်းချောင် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဆောင်ရွက်ခဲ့ကြသည်။



အသိပညာပေးဟောပြောရာတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မူးယစ်ဆေး၏ အန္တရာယ်နှင့် ဆိုးကျိုးများ၊ မူးယစ်ကင်းစင်ရေးအတွက် ဆောင်ရန်/ရှောင်ရန်အချက်များနှင့် ကျောင်းပြင်ပစာပေများ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီး စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကော့သောင်းမြို့တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ

**ကော့သောင်း ဇွန် ၁၂**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အဆိုပါ ပန်းချီပြိုင်ပွဲတွင် ကော့သောင်းခရိုင် အတွင်းရှိ အခြေခံပညာ ကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ၄၀တို့က "မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြသည်။ အဆိုပါ ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများ၏ ပါဝင်ယှဉ်ပြိုင်ခဲ့သည့်ပန်းချီကားများကို ပန်းချီပညာရှင်နှင့် အကဲဖြတ်အဖွဲ့တို့က စစ်ဆေး၍ ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပန်းချီပညာရှင် ဦးလှမိုးထွန်းက ပန်းချီအနုပညာနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားခဲ့ပြီး တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

✪ ၂၀၂၆ ကမ္ဘာ့ဖလားမှ

အုပ်စုပထမ၊ ဩစတြေးလျအသင်းက ၁၉ မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (F) ၌ အီရတ်အသင်းက ၁၈ မှတ်ဖြင့် အုပ်စုပထမ၊ အင်ဒိုနီးရှားအသင်းက ၁၀ မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (G) ၌ ဂျော်ဒန်အသင်းက ၁၃ မှတ်ဖြင့် အုပ်စုပထမ၊ ဆော်ဒီအာရေဗျအသင်းက ၁၃ မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (H) ၌ ယူအေအီးအသင်းက ၁၆ မှတ်ဖြင့် အုပ်စုပထမ၊ ဘာရိန်းအသင်းက ၁၁ မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (I) ၌ ဩစတြေးလျအသင်းက ၁၈ မှတ်ဖြင့် အုပ်စုပထမ၊ ပါလက်စတိုင်းအသင်းက ရှစ်မှတ်ဖြင့် အုပ်စုဒုတိယ ရရှိကာ ၂၀၂၇ အာရှဖလား ခြေစစ်ပွဲအောင်မြင်ပြီး ၂၀၂၆ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲ ဆက်လက်ကစားခွင့်ရမည်ဖြစ်သည်။

အမှတ်အနည်းဆုံးရရှိသည့် အုပ်စု (A) မှ အိန္ဒိယအသင်းနှင့် အာဖဂန်နစ္စတန်အသင်း၊ အုပ်စု (B) မှ ဆီးရီးယားအသင်းနှင့် မြန်မာအသင်း၊ အုပ်စု (C) မှ ထိုင်းအသင်းနှင့် စင်ကာပူအသင်း၊ အုပ်စု (D) မှ မလေးရှားအသင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ အုပ်စု (E) မှ တာ့ခ်မင်နစ္စတန်အသင်းနှင့် ဟောင်ကောင်အသင်း၊ အုပ်စု (F) မှ ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်း၊ အုပ်စု (G) မှ တာဂျစ်ကစ္စတန်အသင်းနှင့် ပါကစ္စတန်အသင်း၊ အုပ်စု (H) မှ ယီမင်အသင်းနှင့် နီပေါအသင်း၊ အုပ်စု (I) မှ လက်ဘနွန်အသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့မှာ ၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ ဆက်လက်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲတွင် ဂျပန်၊ မြောက်ကိုရီးယား၊ ဆီးရီးယားတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး ရမှတ်တစ်မှတ်သာ ရယူနိုင်ခဲ့သည်။ **ကိုညီလေး၊ ခတ်ပုံ – AFC**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၆-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ရိက္ခာပြည့်ဖြိုးဝင်ငွေတိုးပူလုံကြွယ်ဝသားငါးကဏ္ဍမှသည် (မရမ်းဖွဲ့တာပုစွန်ဖုန်ဆီ)
- ၀၉:၁၀ NRC အစီအစဉ် (ကယား) 'လူမျိုးစုံညီငွေတောင်ပြည်'
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၀ Next Level
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း–၂၅)
- ၁၃:၃၀ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း–၇)
- ၁၇:၁၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလွန်' (အပိုင်း–၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း–၁၅)
- ၂၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့နှီးလေး' (အပိုင်း–၁၇)

### mitv

- 07:02 Am Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
- 07:10 Maravijaya Buddha Park New Milestone in History
- 07:33 Mt. Cable Garden
- 07:51 Sagaing: Gold Leaf
- 08:01 News
- 08:26 Mote Khwe Late from Intaing Village
- 08:36 Topical Science Topic: Beauty of Marine Life
- 09:01 Dances of Myanmar: Enn Traditional Dance
- 09:05 Exploring Migratory Birds at Moe Yun Gyi Sanctuary
- 09:46 Myanmar Big Circular Tray
- 10:01 News
- 10:26 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-2)

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
'တိုင်းမောဝ်း' မောရှမ်းတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
'ဝ' ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့ (အပိုင်း–၂)

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
လီဆူရိုးရာ မီးနင်းပွဲ

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
စိတ်ဝင်စားစရာ ရိုးရာဓလေ့ထူးခြားချက်များ 'ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း'

**စကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
သွားပိုးစားခြင်း

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
အင်းရဲကျွန်းဒေသထွက် မှျင်ငါးပိ

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ဒေါင်ခင်းအင်းနှင့် စုပေါင်းငါးဖမ်းပွဲတော်

**ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)**
တောင်ကြာပန်းများ ပျော်စံရာ ဇိန်မှုတောင်

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
စွန်တောင်ရွာက ရေငန်စိမ့်စမ်းများ

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
တောင်သူတို့အရိပ်ပေးနိုင်လှုံလက်ရာ ခမောက်လေး

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
လခြမ်းမြို့မှ ရိုးရာအလှ (အပိုင်း–၁)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ ဟီဘေးဝေချွန်စီးရီး (အပိုင်း–၇)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တောင်းပန်ပါတယ်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း–၂)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း–၂၂)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ စနစ်တကျပန့်ပွားတိုးတီထွင် မြန်မာ့အထူးတန်း ကော်ဖီလုပ်ငန်းခွင်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ Gardener's World 2023 Eps 1
- ၁၉:၀၀ Gardener's World 2023 Eps 2
- ၁၉:၅၀ Home Vegetable Garden
- ၂၂:၀၀ ပြောကြည့်လေရင်ထဲပေါ့သွားတာပေါ့

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly Soccer Preview
- ၁၆:၁၀ ဝုဏ်ယူဝင့်ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ
- ၁၇:၀၀ အားကစားသတင်း

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။



## ရေတာရှည်မြို့၌ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲကျင်းပ

တောင်ငူ ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းက တောင်ငူခရိုင် ရေတာရှည်မြို့ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဒေသခံတောင်သူများအတွက် YSR-1 မျိုးစပါးနှင့် သွင်းအားစုများအား ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် စိုက်ပျိုးရေးဆိုင်ရာ သင်တန်းအထောက်အကူပြုပစ္စည်းများ၊ သင်တန်းသားအိပ်ဆောင်များ၊ ထမင်းစားဆောင်များကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၄)ကို သုံးရက်ကြာ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဥယျာဉ်ခြံကိုင်းကူးကိုင်းဆက်နည်း၊ မြေစာရင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ဆည်ရေအကျိုးရှိရှိ အသုံးချခြင်းဆိုင်ရာကိစ္စရပ်များ၊ လက်ဆွဲကောက်စိုက်စက် အသုံးပြုနည်းနှင့် ပျိုးထောင်မှုနည်းစနစ်များ၊ စိုက်ပျိုးမြေအား တန်ဖိုးရှိရှိ အသုံးချနည်းဆိုင်ရာကိစ္စရပ်များ၊ မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း၊ မျိုးစေ့ရောဂါကာကွယ်ခြင်း၊ မွေးမြူရေးနှင့် ကုသရေးဆိုင်ရာသိမှတ်ဖွယ်ရာများ၊ ငါးမွေးမြူရေးနှင့် ဒေသကြက်မွေးမြူခြင်း စသည့်ဘာသာရပ်များကို စာတွေ့/လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## တောင်ကြီး၌ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

တောင်ကြီး ဇွန် ၁၂

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ဗိုလ်ချုပ်ပန်းခြံ၊ မြို့မဈေးနှင့် ရှုခင်းသာပန်းခြံတို့တွင် ဆောင်ရွက်ခဲ့သည်။

ဦးစွာ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကလေးအလုပ်သမားအဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားဆိုင်ရာ တားမြစ်ချက်များ၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်(၃)ရပ်၊ အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက် စသည်များပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်နေမှုကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် အဖွဲ့သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန တောင်ကြီးတွင် ဖွင့်လှစ်လျက်ရှိသည့် အခမ်းအနားမှူးသင်တန်း၊ အခြေခံစာကြည့်တိုက်ပညာသင်တန်း၊ အသက်သုံးနှစ်မှ ငါးနှစ်အောက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းများသို့ သွားရောက်ပြီး သင်ခန်းစာများ ပို့ချဆောင်ရွက်နေမှု၊ သင်တန်းတက်ရောက်နေမှုများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စိုင်းသန်းကျော်(တောင်ကြီး)




## ကျိုင်းတုံမြို့၌ နယ်စပ်ပို့ကုန်တင်ပို့နိုင်မှုဆိုင်ရာ အသိပညာပေး ဆွေးနွေး

ကျိုင်းတုံ ဇွန် ၁၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ နယ်စပ်ပို့ကုန်တင်ပို့နိုင်မှုဆိုင်ရာ အသိပညာပေး Talk Show ဆွေးနွေးပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။




ဆွေးနွေးပွဲတွင် ကုန်သွယ်ရေးဦးစီးဌာန ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်စိုးစိုးလှိုင်နှင့် ကျိုင်းတုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့က ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)ရုံးအနေဖြင့် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိပြီး ကျိုင်းတုံ-ဝမ်တာပင်း-မိုင်းလား လမ်းကြောင်းနှင့် ကျိုင်းတုံ-ဝမ်တာပုံ-မိုင်းခတ်-မိုင်းယန်း လမ်းကြောင်းများမှ ပို့ကုန်သွင်းကုန်များ ဆောင်ရွက်လျက် ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏ ၁၅၄ ဒသမ ၂၇၃ ဒေါ်လာသန်း ဆောင်ရွက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မည်ဆိုပါက ပို့ကုန်ကုမ္ပဏီများ အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စစ်ဆေးရေးဂိတ်များတွင် QR Code ဖြင့် စနစ်တကျ ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှု ဒေသအစီအစဉ်အရ အကောက်ခွန်သက်သာမှုဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Form – E) စိစစ်ထုတ်ပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးမှ စိန်တလုံးနှင့် ရွှေဟင်္သာ သရက်သီးများကို တစ်ရက်သရက်သီးကား ၁၀ စီးမှ အစီး ၂၀ အတွင်း တင်ပို့လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် တရုတ်နိုင်ငံသို့ စားသောက်ကုန်များကို တစ်ရက် ပို့ကုန်ကားစီးရေ ၃၀ မှ ၅၀ အတွင်း တင်ပို့လျက်ရှိကြောင်း စသည့် နယ်စပ်ပို့ကုန် သွင်းကုန် အခြေအနေများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အသိပညာပေး ဆွေးနွေးကြသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## ဒလမြို့နယ်၌ မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ



ဒလ ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ၂၀၂၄- ၂၀၂၅ ခုနှစ် မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရဲချောင်းဝကျေးရွာအုပ်စု တောင်သူ ဒေါ်သူဇာလှိုင်၏ လယ်မြေ ၁၀ ဧက၌ ကျင်းပသည်။

ဦးစွာ ဒလမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူကျော်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်မိုးတို့က မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများအား မိုးစပါးမျိုးစေ့ချကိရိယာဖြင့် လက်တွေ့စိုက်ပျိုးပြသပေးခဲ့ကြကြောင်း သိရသည်။

မြင့်ဇော်(ပြန်/ဆက်)

## ဟင်္သာတတက္ကသိုလ်တွင် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လူငယ်စကားဝိုင်း ပြုလုပ်

ဟင်္သာတ ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ ဟင်္သာတတက္ကသိုလ် စာကြည့်တိုက်ခန်းမ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တို့အတွက် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီရွှေက အဖွင့်အမှာစကားပြောကြားပြီး ဟင်္သာတတက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဦးလှိုင်မင်းက ဦးဆောင်၍ မြန်မာစာ ကျောင်းသား ကျောင်းသူများက "စာဖတ်နာသည့် နိုင်ငံသားများကြောင့် အမြင့်သို့တက်နေသည့် နိုင်ငံတော်ဘဝသို့" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ပြီး ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသူများ၏ သိလိုသည်များကို ဦးဆောင်ဆွေးနွေးသူများက အပြန်အလှန်ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါလူငယ်စကားဝိုင်းသို့ ဟင်္သာတတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီရွှေနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ကြကြောင်းနှင့် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း စကားဝိုင်းဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ရှမ်းပြည်နယ်(အရှေ့ပိုင်း)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး(၂၀၂၄) ကျင်းပ



နေပြည်တော် ဇွန် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး(၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံးခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး(၂၀၂၄)ကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပန်းတနော်မြို့နယ်၌ ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် အသိပညာပေးဆောင်ရွက်

ပန်းတနော် ဇွန် ၁၂

ဧရာဝတီတိုင်း ဒေသကြီး ပန်းတနော် မြို့နယ်အတွင်းရှိ မြစ်ချောင်း အင်းအိုင်များတွင် ငါးသယံဇာတ ပြန်လည်ပြန့်ပွားမှုမဖြစ်ပေါ်စေရေး ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက အသိပညာပေးဟောပြောခြင်းနှင့် လိုက်လံအသိပေး နှိုးဆော်ခြင်းများကို ယနေ့နံနက်ပိုင်းက ဒေါင့်ကြီးကျေးရွာနှင့် ကဇင်ငူကျေးရွာရှိ ဧရာဝတီမြစ်အတွင်း ကွင်းဆင်းဆောင်ရွက်သည်။



**ဆောင်ရွက်**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပန်းတနော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးတင်ဝင်းထွဋ်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ရေလုပ်သားများအား ယခုအခါ ငါးရစ်ငါးသန်ကာလဖြစ်သည့် မေလ၊ ဇွန်လ၊ ဇူလိုင်လတို့တွင် ငါးများမိတ်လိုက် ဥချသားပေါက်သော ရာသီချိန်ဖြစ်သဖြင့် ရေချိုငါးလုပ်ငန်း ရေပြင်တွင် ငါးဖမ်းဆီးခြင်းနှင့် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ဒေါင့်ကြီးကျေးရွာနှင့် ကဇင်ငူကျေးရွာတို့ရှိ ဧရာဝတီမြစ်အတွင်း အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ဆက်)



ရန်ကုန်မြို့ နိုင်ငံခြားဘာသာတက္ကသိုလ်ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို LRC ခန်းမ၌ ဇွန် ၁၂ ရက် နံနက်ပိုင်းက ပြုလုပ်ရာ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်နှင့် အသင်းသားများ တက်ရောက်ကြပြီး ကမာရွတ်မြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်တင်နှင်းရည် ဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကားပြောကြားစဉ်။

တင်ဝင်းတင်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၆-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၅ | ၂၅၆၀ | ၂၅၄၀ | ၂၄၉၅ | ၂၅၆၅ | ၂၅၇၅ | ၂၅၈၅ | ၂၅၄၅ | ၂၆၇၅ | ၂၇၀၅ | ၂၅၅၀ | ၂၅၆၅ | ၂၆၀၀ | ၂၅၉၀ | ၂၆၀၀ | ၃၀၁၀ | ၄၀၀၀ |
| 95 Ron | ၂၆၁၅ | ၂၆၈၅ | ၂၆၆၀ | ၂၆၁၅ | ၂၆၈၅ | ၂၇၀၀ | ၂၇၁၀ | ၂၆၆၅ | ၂၇၉၅ | ၂၈၂၅ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၁၀ | ၂၇၂၀ | ၃၁၃၀ | ၄၁၅၀ |
| HSD (500 ppm) | ၂၃၀၅ | ၂၃၇၀ | ၂၃၅၀ | ၂၃၀၅ | ၂၃၇၅ | ၂၃၈၅ | ၂၃၉၅ | ၂၃၅၅ | ၂၄၈၅ | ၂၅၁၅ | ၂၃၆၀ | ၂၃၇၅ | ၂၄၁၀ | ၂၄၀၀ | ၂၄၁၀ | ၂၈၂၀ | ၄၁၀၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၂၀ | ၂၄၀၀ | ၂၃၅၀ | ၂၄၂၀ | ၂၄၃၅ | ၂၄၄၅ | ၂၄၀၀ | ၂၅၃၀ | ၂၅၆၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၈၆၅ | ၄၁၀၀ |
| HSD (10 ppm) | ၂၃၅၀ | ၂၄၂၀ | ၂၄၀၀ | ၂၃၅၀ | ၂၄၂၀ | ၂၄၃၅ | ၂၄၄၅ | ၂၄၀၀ | ၂၅၃၀ | ၂၅၆၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၈၆၅ | ၄၁၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၅၃ | ၂၄၃၄ |
| 95 Ron | ၂၄၇၁ | ၂၅၅၄ |
| HSD (500 ppm) | ၂၁၆၉ | ၂၂၄၂ |
| HSD (50 ppm) | ၂၂၁၆ | ၂၂၉၀ |
| HSD (10 ppm) | ၂၂၁၆ | ၂၂၉၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာ စိုက်ထူ

ရမည်းသင်း ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း လူထုအသိပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရမည်းသင်းမြို့ ရွှေစည်းခုံရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့ ရန်ကုန်-မန္တလေးလမ်းဘေးတွင် ကျင်းပသည်။

အဆိုပါ အသိပညာပေး မြေစိုက်ပိုစတာဆိုင်းဘုတ်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထက်၊ ခရိုင်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင် ဒုတိယရဲမှူးကြီး မင်းဟန်၊ ခရိုင်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးစိုးမြင့်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ခရိုင်(ပြန်/ဆက်)



# သထုံမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသခြင်း ဆောင်ရွက်

သထုံ ဇွန် ၁၂

မွန်ပြည်နယ် သထုံမြို့နယ်တွင် စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်နည်းစနစ်မှန်ကန်ရေး လက်တွေ့အစေ့ချ စိုက်ပျိုးပြသခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆင်ဖြူကျွန်းကျေးရွာတောင်သူတစ်ဦး၏ လယ်ယာမြေ၌ ပြုလုပ်သည်။

စပါးမျိုးစေ့ချကိရိယာဖြင့် ရွှေဝါထွန်းမျိုးစပါးများအား လက်တွေ့အစေ့ချစိုက်ပျိုးပြသခြင်းကို ဆင်ဖြူကျွန်းကျေးရွာရှိ တောင်သူ ဦးစောသိန်းစိုး၏ လယ်ယာမြေ၌ ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သထုံမြို့နယ်အတွင်းရှိ တောင်သူ ၁၀၀ တို့အတွက် မျိုးစေ့ချကိရိယာ ၁၀၀ ကို အခမဲ့ထောက်ပံ့ပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မြေပဲစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မော်လမြိုင် ဇွန် ၁၂

မွန်ပြည်နယ်၌ မြေပဲကို သံလွင်မြစ်ကမ်းတစ်လျှောက်ရှိ လယ်ကွက်များနှင့် ကုန်းမြေမြင့်များတွင် စိုက်ပျိုးလေ့ရှိသည်။ မိုးမြေပဲ (မိုးစိုက်)နှင့် ဆောင်းမြေပဲ (ဆောင်းစိုက်) ဟူ၍ စိုက်ပျိုးကြပြီး မိုးမြေပဲကို ကုန်းမြေအမြင့်များတွင် စိုက်ပျိုးကြကာ ဆောင်းမြေပဲကို လယ်ကွက်များ၌ စိုက်ပျိုးကြကြောင်း သိရသည်။

မွန်ပြည်နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ မြေပဲစိုက်ဧက စုစုပေါင်း ၂၀၀၄၈ ဧကရှိပြီး စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၆၂ ဒသမ ၀၉ တင်းနှုန်းဖြင့် တင်းပေါင်း ၁၂၄၄၇၈၁ တင်းထွက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။ မြေပဲစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်းငွေကျပ် ၇၇၅၀၀၀ ကုန်ကျပြီး ဈေးကွက်အနေဖြင့် မွန်ပြည်နယ်ဒေသတွင်း ဆီကြိတ်ခွဲရောင်းချမှုနှင့် မုန့်ပဲသရေစာ ထုတ်လုပ်သည့်လုပ်ငန်းများသို့ ရောင်းချလျက်ရှိကြောင်း သိရသည်။



## ကျောက်ဆည်ခရိုင်၌ ပဲတီစိမ်း(မိုးကြို)သီးနှံများ အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ကျောက်ဆည် ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပဲတီစိမ်း (မိုးကြို) သီးနှံစိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်၌ ၅၇၆၁ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၄၄၉၇ ဧက၊ မြစ်သားမြို့နယ်၌ ၈၄၁၁ ဧက စုစုပေါင်း ၁၈၆၆၉ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲတီစိမ်း (မိုးကြို) သီးနှံကို မတ်လမှစတင်၍ ဆည်ရေသောက်ရေသွင်းစနစ်ဖြင့် အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးရာတွင် မျိုးအနေဖြင့် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော ရေဆင်း-၁၁ မျိုးနှင့် ကျောက်စိမ်းမျိုးများကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။

ပဲတီစိမ်း (မိုးကြို) သီးနှံကို ဇွန်လဆန်းမှ စတင်၍ ရိတ်သိမ်းလျက်ရှိရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၂ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် ပဲတီစိမ်း (မိုးကြို) သီးနှံ ဈေးနှုန်းများမှာ ယခင်နှစ်ထက် ဈေးနှုန်းပိုမိုကောင်းမွန်သည့်အတွက် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

## မွန်ပြည်နယ်ဒေသထွက် နာနတ်သီးများ အရောင်းအဝယ်သွက်လျက်ရှိ



ကျိုက်ထို ဇွန် ၁၂

မွန်ပြည်နယ် ကျိုက်ထို၊ ဘီးလင်း၊ ကျိုက်မရော၊ မုဒုံ၊ ရေး စသည့် မြို့နယ်များတွင် နာနတ်သီးပင်များကို အများဆုံးစိုက်ပျိုးကြပြီး နာနတ်သီးပင်များ စိုက်ပျိုးရာတွင် ရော်ဘာပင်တန်းများကြား၌ သီးညှပ်စိုက်ပျိုးကြကြောင်း၊ ယခုအချိန်တွင် နာနတ်သီးမှည့်များ ထွက်ပေါ်လျက်ရှိပြီး နာနတ်သီးဈေးနှုန်းများ အနေဖြင့် အရွယ်အစားအပေါ် မူတည်၍ ရောင်းချလျက်ရှိကာ ပွဲစားများက နာနတ်သီးခြံများသို့ လာရောက်ဝယ်ယူ၍ ဒေသတွင်းဈေးကွက်နှင့် အခြားမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်းနှင့် ယခုနှစ်မိုးဦးကာလတွင် မွန်ပြည်နယ်ထွက် နာနတ်သီးများ ဈေးကွက်အတွင်း အရောင်းအဝယ်သွက်လျက်ရှိကြောင်း သစ်သီးဝလံရောင်းချသူများထံမှ သိရသည်။



## မကွေးဈေးကွက်၌ ပဲစင်းငုံအနီ၊ မတ်ပဲနှင့် နှမ်းနက်(စမုန်) အရောင်းအဝယ်ဖြစ်မှုအခြေအနေ

မကွေး ဇွန် ၁၂

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ မိကျောင်းရဲ၊ လျောင်းတော်ဦး၊ ကံသစ်၊ ရွာဟောင်းကန်၊ သစ်ရာကောက် စသည့် ကျေးရွာများနှင့် စလင်း၊ ဆင်ဖြူကျွန်း၊ နတ်မောက်မြို့များမှ ထွက်ရှိသော ပဲစင်းငုံအနီ၊ မတ်ပဲ၊ ကုလားပဲအမျိုးမျိုး၊ ပဲကြီး၊ စားတော်ပဲ၊ နှမ်းမျိုးစုံနှင့် အခြားပဲမျိုးစုံတို့ မကွေးဈေးကွက်သို့ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဇွန်လ ပထမပတ်တွင် ပဲစင်းငုံအနီ၊ မတ်ပဲနှင့် နှမ်းနက် (စမုန်) စုစုပေါင်းတန်ချိန် ၁၃၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။



သတင်းရင်းမြစ်- စီးပွား/ကူးသန်း

### ၁၂-၆-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နှမ်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၈၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၅၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | | ၇၅၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၁၄၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၄၀၀ | ၇၅၀၀ | ၁၆၅၀၀ | ၅၉၅၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၄၀၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၁၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၉၅၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၁၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၀၅၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၁၅၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၃၅၀၀ | ၉၆၀၀ | ၁၅၀၀၀ | ၉၅၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၃၀၀ | ၅၃၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၆၀၀၀ | ၁၇၀၀၀ | ၅၇၅၀ | ၉၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၂၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၈၅၀ | | ၅၈၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၄၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၇၀၀ | | ၇၂၀၀ | ၁၄၅၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၆၉၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၉၅၀၀ | ၇၀၀ | ၇၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၅၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၁၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၇၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၄၀၀ | | ၆၀၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၈၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၆၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၈၅၀ | | ၆၈၅၀ | ၁၅၂၀၀ | ၅၇၀၀ | ၁၁၈၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၅၂၀၀ | ၁၇၅၀၀ | ၁၈၅၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၉ | နေပြည်တော် | ၃၈၅၀ | | ၆၈၅၀ | ၁၅၈၀၀ | ၅၇၀၀ | ၁၁၂၀၀ | ၂၆၀၀ | ၁၂၆၀၀ | ၁၃၂၀၀ | ၇၂၀၀ | ၉၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၆၂၀၀ | ၃၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၆၀၀၀ | ၁၁၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၀၀၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၂၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

မှတ်ချက်။



## ညောင်တုန်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ညောင်တုန်း ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက အမှတ်(၈)ရပ်ကွက်တွင် ကွင်းဆင်းဆောင်ရွက် ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာအုပ်စုများတွင် အသက် ၁၆ နှစ်နှင့်အထက် ကိုင်ဆောင်လက်မှတ် မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအား သက်ဆိုင်ရာ မြို့နယ်များနှင့် ချိတ်ဆက်ညှိနှိုင်းပယ်ဖျက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ) ရပ်ကွက်၊ (၁၆၆)လမ်း၊ တိုက်အမှတ်(၆၉)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက် အနက်မှ (၅)လွှာ(ဝဲ)၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း(၁၅ x ၆၅)ပေရှိ တိုက်ခန်း (၁)ခန်းနှင့် ရေ၊ မီးအစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးစိန်ဝင်းထွန်း [၁၂/တမန(နိုင်) ၁၀၀၆၆၉]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးအေးမြင့်[၁၂/မဂတ(နိုင်)၀၈၁၃၁၈]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မာမာသိန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)**

| | | |
|---|---|---|
| **ဒေါ်နီနီဝင်း(LL.B)** | **ဒေါ်နှင်းဝေလွင်(LL.B)** | **ဦးထွန်းသူအောင်(LL.B)** |
| **(စဉ်-၅၁၇၁၈)** | **(စဉ်-၅၄၃၀၅)** | **(စဉ်-၅၅၇၆၄)** |

**အထက်တန်းရှေ့နေများ**

**အမှတ်(၂၇၅)၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရှိုးကုန်းရပ်ကွက်၊**

**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း - ၀၉ ၅၀၆၄၉၅၉, ၀၉ ၅၀၈၈၆၀၅**


## ရေချိုတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။






✻ ကျောဖုံးမှ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဟားခါးမြို့၏ အဓိကတည်နေရာ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် တားမြစ်အပင်ဖြစ်သည့် ထင်းရှူးပင်နှင့် ဒေသမျိုးရင်းသစ်မျိုးများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်နိုင်ရန်၊ တရားမဝင်သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းမှ တားဆီးကာကွယ်နိုင်ရန်၊ တရားမဝင်အမဲလိုက်ခြင်းအား ကာကွယ်တားဆီးနိုင်ရန်၊ မြေပြိုတိုက်စားခြင်းနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ့်စမ်းရေထွက်များအား ထိန်းသိမ်းကာကွယ်ရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုလျော့နည်းသက်သာစေရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။



ရုန်းတောင်ကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းကို တွေ့ရစဉ်။

ရုန်းတောင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက် ရှိသော တားမြစ်သစ်ပင် ဖြစ်သည့် ထင်းရှူးပင်နှင့် ဒေသမျိုးရင်း သစ်မျိုးများဖြစ်သည့် ထင်းရှူးပင်၊ ချယ်ရီပင်၊ တောင်ဇလပ်ပင်၊ ဝက်သစ်ချပင်၊ သစ်အယ်ပင်၊ မိုင်းဘောပင်၊ ကရဝေးပင်နှင့် သစ်ကြားပင် စသည်တို့အား ထိန်းသိမ်းနိုင်မည့်အပြင် သဘာဝပန်းအလှပင်များ၊ ချိုချဉ်သစ်ခွ၊ နုခါ သစ်ခွ၊ ငါးရိုးသစ်ခွ စသည့် သစ်ခွမျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ချေ၊ တောကြောင်၊ ယုန် စသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည် ဖြစ်ခြင်း၊ ဟားခါးမြို့ သောက်သုံးရေရရှိရေးအတွက် အထောက်အကူဖြစ်စေသည့် စိမ့်စမ်းရေထွက်များအား ထိန်းသိမ်းနိုင်မည် ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

သတင်းစဉ်

## ပျဉ်းမနားမြို့နယ်၌ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး ဆွေးနွေး

ပျဉ်းမနား ဇွန် ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့ မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၂) ကျွန်းတော်ဝင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုလင်းက အဖွင့်အမှာစကားပြောကြားပြီး အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေရုံးမှ နေပြည်တော်ကောင်စီနယ်မြေစစ်ဆေးရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သဲမွန်ရည်က ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၂) ကျောင်းအုပ်ကြီး၊ နေပြည်တော်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ နေပြည်တော်လူမှုဖူလုံရေးအဖွဲ့၊ နေပြည်တော်အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် နေပြည်တော်အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်နှင့် အလုပ်ဌာနများမှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)





## မော်လမြိုင်မြို့နယ်၌ စပါးမျိုးစေ့ချ ကိရိယာပေးအပ်ပွဲ ကျင်းပ

မော်လမြိုင် ဇွန် ၁၂

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ စပါးမျိုးစေ့ချကိရိယာပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက် နံနက်ပိုင်းက ရွှေမြိုင်သီရိရပ်ကွက် အနောက်မျှော်လင့်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်ချိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ဝါဝါရီက စပါးမျိုးစေ့ချကိရိယာအသုံးပြုခြင်းကြောင့် တောင်သူများ အချိန်ကုန်၊ ငွေကုန်၊ လူပန်း သက်သာခြင်းနှင့် ပတ်သက်၍ ပညာပေးပြောကြားခဲ့သည်။

ဆက်လက်၍ ကျေးရွာအုပ်စုများရှိ စပါးစိုက်တောင်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်မိုးလွင်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက စပါးမျိုးစေ့ချကိရိယာများကို တောင်သူများ လက်ဝယ် အရောက်ပေးအပ်ခဲ့ကြသည်။

အဆိုပါ စပါးမျိုးစေ့ချ ကိရိယာပေးအပ်ပွဲ အခမ်းအနားသို့ တောင်သူ ၄၀ တက်ရောက်ခဲ့ပြီး စပါးမျိုးစေ့ချကိရိယာမှာရှစ်တန်းသွားဖြစ်ပြီး တစ်ကေလျှင် ၁၂ ပြည်မှ ၁၄ပြည်ထိ စပါးမျိုးစေ့များကို ကြဲချနိုင်ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်
MYANMAR SEAFARERS FEDERATION

**MSF အဖွဲ့ချုပ်၏ အသုံးမလိုသောပစ္စည်းများ ရောင်းလိုခြင်း**
**သတင်းထုတ်ပြန်ချက်**

MSF အဖွဲ့ချုပ်၏ အသုံးမလိုသော ပစ္စည်းများရောင်းချရန်ရှိပါသဖြင့် ဝယ်ယူလိုပါက ၂၀၂၄ ခုနှစ်၊ ဇွန်လ ( ၁၂ ) ရက်နေ့ မှ ( ၂၆) ရက်နေ့ အတွင်း အမှတ် ( ၄၂၉ )၊ ဒုတိယထပ်၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့် တွင်လာရောက်ကြည့်ရှု၍ ၂၀၂၄ ခုနှစ်၊ ဇွန်လ ( ၂၇ ) ရက်နေ့ မှ ဇူလိုင်လ ( ၃ ) ရက်နေ့ အတွင်းဈေးနှုန်း အဆိုပြုလွှာများပေးပို့ရန် အသိပေးကြေငြာအပ်ပါသည်။

သို့ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များအား MSF အဖွဲ့ချုပ်၏လူမှုကွန်ယက်စာမျက်နှာဖြစ်သော FACEBOOK ACCOUNT နှင့် FACEBOOK PAGE များတွင်လည်းဆက်လက်ဖော်သွားမည်ဖြစ်ပါသည်။

ဝယ်ယူလိုပါက အောက်ပါဖော်ပြပါ ဖုန်းနံပါတ်များသို့ မလာရောက်မီ တစ်ရက် ကြိုတင်ဆက်သွယ်ပေးပါရန် –

| | | |
|---|---|---|
| ဦးဟုတ်စွမ် (ဒုတိယဥက္ကဋ္ဌ) | - | ၀၉ ၂၅၁ ၀၂၂ ၄၆၈ |
| ဦးဘခိုင် (အထွေထွေအတွင်းရေးမှူး) | - | ၀၉ ၅၀၆၁၃၅၈ |
| ဦးထွန်းထွန်းလွင် | - | ၀၉ ၉၇၃၀၈၃၂၃၂ |
| ရုံးဖုန်းများ | - | ၀၉၄၀၀၀၆၆၇၀၂ / ၀၉၇၇၇၇၆၇၁၈၂ |

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်
MYANMAR SEAFARERS FEDERATION

**MSF အဖွဲ့ချုပ်၏ Day of The Seafarer (အပြည်ပြည်ဆိုင်ရာသင်္ဘောသားများနေ့) အခမ်းအနားကျင်းပမည့်**
**သတင်းထုတ်ပြန်ချက်**

MSF အဖွဲ့ချုပ် Day of The Seafarer (အပြည်ပြည်ဆိုင်ရာ သင်္ဘောသားများနေ့) အခမ်းအနားကို သင်္ဘောသားမိသားစုများ အနေဖြင့် အထိမ်းအမှတ်အခမ်းအနားအား တက်ရောက်နိုင်ရန်၊ တက်ရောက်လာသည့် သင်္ဘောသားနှင့် မိသားစုများအကြား မိတ်ဆွေဖွဲ့ခြင်း၊ ဗဟုသုတနှင့် အတွေ့အကြုံဖလှယ်ခြင်း အစရှိသည့် ရည်ရွယ်ချက်များဖြင့် အောက်ပါအစီအစဉ်များအတိုင်းကျင်းပသွားမည်ဖြစ်ပါ သောကြောင့် သင်္ဘောသား နှင့် သင်္ဘောသားမိသားစုများ၊ ၂၀၁၂၊၂၀၁၃၊၂၀၁၅၊၂၀၁၇၊၂၀၂၀ ခုနှစ်ကာလများတွင်အမှုဆောင်တာဝန်ထမ်းဆောင်ခဲ့သူများ အားအခမ်းအနားသို့ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည် –

သို့ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များအား MSF အဖွဲ့ချုပ်၏လူမှုကွန်ယက်စာမျက်နှာ ဖြစ်သော FACEBOOK ACCOUNT နှင့် FACEBOOK PAGE များတွင်လည်းဆက်လက်ဖော်သွားမည်ဖြစ်သည်။

ကျင်းပမည့်ရက်စွဲ။ ။၂၀၂၄ ခုနှစ်၊ ဇွန်လ ( ၂၅ ) ရက်

ကျင်းပမည့်အချိန်။ ။နေ့လည် ၁၂၀၀ နာရီ မှ ၁၆၀၀ နာရီ ထိ

ကျင်းပမည့်နေရာ။ ။အမှတ်၅၃၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဦးဟုတ်စွမ် (ဒုဥက္ကဋ္ဌ) | - | ၀၉ ၂၅၁ ၀၂၂ ၄၆၈ |
| ဦးဘခိုင် (အထွေထွေအတွင်းရေးမှူး) | - | ၀၉ ၅၀၆၁၃၅၈ |
| ရုံးဖုန်းများ | - | ၀၉၄၀၀၀၆၆၇၀၂ / ၀၉၇၇၇၇၆၇၁၈၂ |

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ်–၁၅၈၊ မြေကွက်အမှတ်–၅၇၄၊ ဦးကျော်စိုး အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေအကျယ် ပေ(၄၀x၆၀)အနက်မှ လမ်းထောင့်ဘက်ခြမ်း ပေ(၂၀x၆၀)အား လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန္ဒာထွန်း [၁၂/သဃက(နိုင်)၁၈၆၃၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)စုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းသီတာဝေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၈၆၃)**
**ရှေ့နေများရုံးခန်း မှော်ဘီတရားရုံးဝင်း မှော်ဘီမြို့**
**ဖုန်း– ၀၉–၄၂၀၁၇၇၂၁၀၊ ၀၉–၇၆၁၈၈၃၂၈၈**

### အများသိစေရန်ကြေညာခြင်း

Mr. GAO CHENGQUAN (Passport CHN No–EA 1518957) နှင့် Mr. LIU KAIXU (Passport CHN No–ED 0837195)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

HEILONGJIANG GENERAL CHAMBER OF COMMERCE IN MYANMAR အဖွဲ့အစည်းနှင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော Mr. GAO CHENGQUAN နှင့် Mr. LIU KAIXU တို့သည် ပတ်သက်စပ်ဆိုင်ခြင်းမရှိသဖြင့် ၎င်းအဖွဲ့အစည်း၏ ပြုလုပ်ဆောင်ရွက်မှုများနှင့် အလုံးစုံကိစ္စအဝဝတို့သည် ကျွန်ုပ်၏မိတ်ဆွေများနှင့် ပတ်သက်စပ်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **Mr. GAO CHENGQUAN နှင့်** | **ဦးပြည်သာကျော်မီ (LL.B)** |
| **Mr. LIU KAIXU တို့၏** | **(တရားလွှတ်တော်ရှေ့နေ)စဉ်–၁၅၈၃၅** |
| **လွှဲအပ်ညွှန်ကြားချက်အရ** | **အမှတ်(၅၈)၊ ဒုတိယထပ်၊** |
| | **မဟာဗန္ဓုလပန်းခြံလမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း–၀၉–၄၂၁၀၄၇၄၀၄** |

### မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးကို ၂၉.၆. ၂၀၂၄ရက်နေ့ (စနေနေ့) နံနက် (၁၀း၀၀)နာရီတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၊ ဘုရင့်နောင်လမ်းမကြီးနှင့်ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ သီရိအဏ္ဏဝါခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် အဖွဲ့ဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ပါ ကြောင်း ဖိတ်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**

### ပတ်စ်ပို့ပျောက်

(ဘ)ဦးထွန်းမောင်၏ သား ဦးကိုကိုမောင် [၁၂/ရကန(နိုင်)၀၂၈၅၄၇]၏ နိုင်ငံကူးလက်မှတ်အမှတ် (MH–171280) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၅၁၇၅၁၁၉**

### အမည်ပြောင်း

ဦးစောကြည်ဟန်ထွန်း– ဒေါ်နန်းမို့မို့ဆန်းတို့၏ သမီး လှိုင်းဘွဲမြို့နယ်၊ ဒိုင်းပြကျေးရွာ အ.ထ.က (ခွဲ)ကျောင်း Grade –5 မှ နန်းစူပါသံစဉ်ဦးအား နန်းယွန်းသုသုရှင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**နန်းယွန်းသုသုရှင်**

### အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ ရွှေမန်းသူကားဝင်းအတွင်းရှိ အမှတ်(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ INNO CITY ဟုခေါ်တွင်သော Inno City Shopping Mall ရှိ ပထမထပ် ဆိုင်ခန်းအမှတ် (2–21)၊ အကျယ်အဝန်း (296.65)စတုရန်းပေရှိ ဆိုင်ခန်းနှင့် ၎င်းဆိုင်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို INNO CITY ရှိ INNO INTERNATIONAL DEVELOPMENT CO., LTD မှ တရားဝင်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းနုနုထွေး(ခ)နုနုထွေး [၁၀/မဒန (နိုင်) ၂၂၂၅၀၇]မှ INNO INTERNATIONAL DEVELOPMENT CO., LTD ထံမှ တိုက်ရိုက်ဆက်သွယ်၍ တရားဥပဒေနှင့်အညီ အပြီးအပိုင်လက်ရောက်ဝယ်ယူပြီးစီးသွားပြီဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးမြင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၀၆၀၆)**
**ဖုန်း– ၀၉–၄၅၄၆၅၅၉၃၂**
**အမှတ် (၂၃၁)၊ ကမ်းနားလမ်း၊ မန်ကျည်းတန်းတောင် (အနောက်)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**

### အမည်ပြောင်း

ကောင်းသောင်းမြို့၊ အထက (ခွဲ)၊ အလက(၂)၊ (ရွှေမင်းဝံ) ကျောင်း Grade–6 မှ အဖ ဦးကျော်ကျော်မိုး၏သမီးဖြစ်သူ မခင်ပြည့်ပြည့်ကျော် အား မမြတ်ရတီဘုန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မမြတ်ရတီဘုန်း

### မိခင်အမည်မှန်

သထုံမြို့၊ ဂေါ့ကျေးရွာနေ မမိုးမိုးသင်း၏ မိခင်အမည်မှန်မှာ ဒေါ်ရင်မေ[၁၀/သထန(နိုင်)၀၆၅၅၅၁] ဖြစ်ပါကြောင်း။

**ဒေါ်ရင်မေ**
**[၁၀/သထန(နိုင်)၀၆၅၅၅၁]**

### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | PAC Powder/ NaOCL Solution | ၄၀၃၅၀ အိတ်/ ၄၉၅ $m^3$ |
| ( ခ ) | HDPE ပိုက်/ Water Meter | 1 Lot / ၉၅ လုံး |
| ( ဂ ) | Centrifugal Motor & Pump/ I– Beam | 1 Lot /၈၈ တန် |
| (ဃ) | ဘိလပ်မြေ | ၁၀၀၀၅၀၀ အိတ် |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃– ၆ –၂၀၂၄ ရက်နေ့မှစ၍ မရောင်းချမည်ဖြစ်ပြီး ၂၆–၆ –၂၀၂၄ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်– ၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ဒေါ်မြင့်မြင့်ဇင် [၁၂/ဗဟန(နိုင်)၀၂၀၁၆၆] (ဘ–ဦးစိန်းမောင်)အမည်ပေါက်ပိုင်ဆိုင်သော–

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ်(၆၁) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်– (၅၃)၊ မြေကွက်အမှတ်(၆၁/စီ–၆)၊ ဧရိယာ (၀.၀၉၅)ဧကရှိ နှစ်(၉၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်အား ဝင်ထွက်သွားလာရန် လမ်းအား ရာသက်ပန် သုံးစွဲခွင့်အပါအဝင် ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေငှားစာချုပ်အမှတ်– ဗဟ/ဂရန်ခွဲ– ၂၃/၂၀၂၃၊ အမှုတွဲအမှတ်– ဗဟ/ဂရန်ခွဲ– ၂၀၂၂၀၁၅၂၈၆/၂၂ (၂၃–၆–၂၀၂၂)အရ မိမိမှတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း၊ ရောင်းချခွင့်ရှိကြောင်း၊ လက်ဝယ်ထားပိုင်ဆိုင်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်နှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၆၈)**
**အမှတ်–၁၂၉၇/အေ၊ ဓာတိဂုဏ်လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၅၇၄၉၈**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးဇော်ဝင်း PASSPORT No.MH 257290 ၏ PI PASSPORT စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09–424446764**

### အမည်ပြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ အထက(၂)လသာမှ (ဘ) ဦးဝင်းနီထွေး၏သမီး မဖြူသံသာထွဋ်အား မယွန်းမြတ်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မယွန်းမြတ်ထက်**

### ပတ်စ်ပို့ပျောက်

(ဘ)ဦးကျော်သိန်း၏သမီး မတင်မိုးဝင်း [၉/နထက(နိုင်)၁၈၂၉၁၀]၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ၂၀၁၀ ခုနှစ်က ပျောက်ဆုံးခဲ့ပါသည်။

**ဖုန်း–၀၉–၇၆၆၆၅၁၅၁၉**

### ပြင်ဆင်ဖတ်ရှုပါရန်

၁–၅–၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ (၂၄)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၉)ဒေါ်ဇင်မီချစ်ပို၏အမည်ပြောင်းတွင်မြေအမည်ပေါက်–ဦးစံမြအစားမြေအမည်ပေါက်–ဦးစံမြ+၁ဟုအမှန်ဖတ်ရှုပါရန်။

### ပတ်စ်ပို့ပျောက်

(ဘ)ဦးကျော်သန်း၏ သမီး မသင်းပပ [၆/ကသန(နိုင်)၀၃၇၂၈၁]၏ နိုင်ငံကူးလက်မှတ်အမှတ် (MH–189973) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၁၇၅၅၀၅၁**

### စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကျိုင်းလပ်ကုန်သွယ်ရေးစခန်း တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကျိုင်းလပ်ကုန်သွယ်ရေးစခန်းတွင် ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ မြန်မာကျပ်ငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း(၃)မျိုးကို ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည် –

(က) 200 KVA Transformer 400 V Line 1500'
Box Culvert ၂ စင်း (၅'x၅'x၄၀') ချဉ်းကပ်လမ်း (၃၀'x၂၄'x၁'၈") အပါအဝင် မြေထိန်းနံရံ (၆၅၀' x ၁' ၆'' x ၉') နှင့် (၈၅' x ၁'၆"x ၄')

| | | |
|---|---|---|
| (ခ) | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | – (၁၂–၆–၂၀၂၄)ရက်နေ့ မှ (၂၅–၆–၂၀၂၄) ရက်နေ့(ရုံးချိန်အတွင်း) |
| ( ဂ ) | တင်ဒါပုံစံရောင်းချမည့်နေရာ | – တာချီလိတ်ကုန်သွယ်ရေးစခန်း (မယ်ယန်း)၊ ကျိုင်းလပ်ကုန်သွယ်ရေးစခန်း |
| (ဃ) | တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် အချိန်၊ နေရာ | – (၂၅–၆–၂၀၂၄) ရက်နေ့ ၁၆:၀၀ နာရီထိ တာချီလိတ်ကုန်သွယ်ရေးစခန်း (မယ်ယန်း) |
| ( င ) | တင်ဒါဖွင့်လှစ်မည့်ရက် | – ဆက်သွယ်အကြောင်းကြားပါမည်။ |
| ( စ ) | တင်ဒါစိစစ်ရွေးချယ်မည့်နေရာ | – ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့ |

၂။ သတ်မှတ်ရက်အချိန်ထက် နောက်ကျတင်သွင်းသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကုန်သွယ်ရေးဦးစီးဌာန၊ တာချီလိတ်ကုန်သွယ်ရေးစခန်း၊ ညွှန်ကြားရေးမှူးရုံး(မယ်ယန်း)နှင့် ကျိုင်းလပ်ကုန်သွယ်ရေးစခန်းတွင် နေ့စဉ်ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| ကုန်သွယ်ရေးဦးစီးဌာန၊ တာချီလိတ် | ဖုန်း–၀၉–၇၆၅၀၃၆၀၂၈ |
| ကုန်သွယ်ရေးစခန်း(မယ်ယန်း) | ဖုန်း– ၀၉–၆၇၁၁၃၉၂၃၈ |
| ကျိုင်းလပ်ကုန်သွယ်ရေးစခန်း | ဖုန်း– ၀၉–၆၇၆၇၆၁၂၅၄ |

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(က)၊ မြေကွက်အမှတ်– (၃၀၃/က)၊ ၁၂၀၀– စတုရန်းပေ မြေကွက်တည်နေရာ – အမှတ်(၃၀၃/က)၊ နှယ်သာကီ(၇)လမ်း၊ (က)ရပ်ကွက်၊ ဒေါ်ကျင်ရွှေ [၁၂/ဥကမ(နိုင်)၁၂၉၁၀၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်–ဒေါ်ကျင်ရွှေ(ခ)ဒေါ်ကြင်ရွှေ (မိခင်)သည် (၂၇–၁၁–၂၀၂၀)ရက်နေ့တွင်လည်းကောင်း၊ ဦးသန်း(ဖခင်)သည် (၁၅–၁၁–၂၀၁၅)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဗိုလ်မှူးချုပ်လှဇော်(ငြိမ်း) [၉/အမရ(နိုင်)၀၀၄၆၅၁]၊ (N/OKA–၀၁၂၄၁၄)မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသောသားတော်စပ်ကြောင်း မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း၊ မြေအမည်ပေါက် မိခင်၏အမည်မှာ ဂရန်နှင့် သေစာရင်းတို့တွင် “ဒေါ်ကျင်ရွှေ”ဟုလည်းကောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတွင် “ဒေါ်ကြင်ရွှေ” ဟုလည်းကောင်း အမည်(၂)မျိုးပေါ်ပေါက်နေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်သည်မှာ မှန်ကန်ကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်– ၇၉၇/၂၀၂၄/၂၀–၃–၂၀၂၄၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### သွေးသည် အသက်

## ဖိတ်ကြားလွှာ

Zhong Lian Feng Co., Ltd ၏ သံရည်ကျိုခြင်းနှင့် သံချောင်း ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို ပတ်ဝန်းကျင်အကြံပေးအဖွဲ့ဖြစ်သော Myanwei Environmental Solutions Co.,Ltd မှ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအတွက် အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးခြင်း (Public Consultation Meeting) အခမ်းအနားကို ဇွန်လ ၁၄ ရက်၊ ၂၀၂၄ ခုနှစ် (သောကြာနေ့)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အကြံပေးဆွေးနွေးလိုပါက Office: (+95)9777922169, (+95) 9777929885 Mobile: (+95) 9421137569; Website: www.myanweiconsulting.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**Myanwei Environmental Solutions Co., Ltd**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ဟောင်း (၁၁)လမ်း၊ အမှတ် (၃၀၀)၊ တတိယထပ် (၄)လွှာ + Roof Slab အကျယ်အဝန်း (၂၅'x၅၀')ရှိ တိုက်ခန်းကို အရပ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နှင်းပွင့်ဖြူ [၁၂/လမန (နိုင်) ၁၅၄၂၅၉]ထံမှ ဤအခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီး အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဝယ်ယူမည့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

**ဝယ်ယူမည့်သူ**
**ဒေါ်နွေးဝတ်ရည်ဇင် [၁၂/ရပသ(နိုင်)၀၅၇၁၆၇]**
**ဖုန်း- ၀၉-၄၂၀၄၉၇၄၇၊ ၀၉-၄၂၀၁၃၈၃၇၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရပ်ကွက်အမည်-၄၂ တိုးချဲ့၊ ချမ်းမြေ့သာယာ ၁ လမ်း၊ မြေကွက်အမှတ် (၁၇၅)၊ ဧရိယာ (၄၀ပေx ၆၀ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိကိုယ်တိုင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ဇေဝ [၈/ရစက(နိုင်)၀၀၀၆၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၅၂၆၀)**
**တိုက်အမှတ် (၀၀၂ / A -၄)၊ ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်။**
**Ph: 09-440017397, 09-250681928**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ သိပ္ပံမောင်ဝလမ်း၊ မြေကွက်အမှတ်(၁၆၄၄)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်ချိုချို [၁၂/ဒဂန(နိုင်)၀၀၈၂၈၉] အမည်ပေါက်မြေ၏ လက်ဝဲဘက်ခြမ်း တရားဝင်မခွဲမစိတ်ရသေးသည့် အကျယ်အဝန်း (၂၀x၄၀)ပေရှိ မြေကို မူလအမည်ပေါက်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးအောင်ကောင်းမြတ် ဆောက်လုပ်ထားသော ယင်းမြေပေါ်ရှိ (၃)ထပ်တိုက်၏ ပထမထပ်၊ အကျယ်အဝန်း (၁၈x၄၀)ပေရှိ တိုက်ခန်းနှင့် တိုက်ခန်းတွင် စွဲကပ်တပ်ဆင်ထားပြီးဖြစ်သည့် မီးနှင့် ကိုယ်ပိုင်ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်ကောင်းမြတ်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းရောင်းချခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိပြီး (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းအပြည့်အစုံဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်နန့်ရှုဂေးခလိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၃၅/၁၂ )**
**အမှတ်(၁၀၃)၊ သဒ္ဒါရုံလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉ -၄၂၀၆၁၃၅၄၊ ၀၉- ၇၈၆၅၂၄၅၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ မြေကွက်အမှတ်- ၇၈၊ အကျယ်အဝန်း (၄၀'x၆၀')၊ (၂၄၀၀) စတုရန်းပေ၊ (၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းကတိုးလမ်း၊ အမှတ် (၇၈) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်ဝင်း [၁၂/ရကန(နိုင်)၀၅၅၆၆၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [LLB, LLM, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(တ)၊ အောင်မာဃလမ်း၊ မြေကွက်အမှတ်(၂၈၁/ခ)၊ အကျယ်အဝန်း (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ ဦးချစ်အေး အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင်ဆောက်လုပ်နေသည့် (၁)ခန်းတွဲ (၆)ထပ်(အာရ်စီ)တိုက်သစ်၏ ဒုတိယထပ်၊ ၃-လွှာ၊ အကျယ်အဝန်း (အလျား ၁၈ပေx အနံ ၅၄ပေ)ရှိ တိုက်ခန်းနှင့်တကွ ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေမော်တာအပါအဝင် တိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ထံမှ မြေကွက်ဝယ်ယူထားပြီး အထက်ပါတိုက်သစ်ဆောက်လုပ်နေသည့် ဦးကျော်လှ [၁၂/ဒဂတ(နိုင်)၁၃၄၀၇၃]နှင့် ဦးမောင်သိန်း[၁၂/ဒလန(နိုင်)၀၉၂၉၃၇]တို့က တရားဝင်ပူးတွဲပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာမာစန်း [၁၂/မရက(နိုင်)၀၇၀၅၆၈]က ကြိုပွိုင့်(အရစ်ကျစနစ်)ဖြင့်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ(ပထမအရစ်)ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိုက်ခန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်တွင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မာမာစန်း[၁၂/မရက(နိုင်)၀၇၀၅၆၈]၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နေခြည်ဝင်းထွဋ်(LL.B)** | **ဒေါ်မိုးပြည့်လှိုင်(LLB)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၁၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၁၈၅၇)** |

**အမှတ်(၃၃/၄၉)၊ ရှိုင်းကွန်ဒို(မြေညီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၃၄၆၂၃၀၆၊ ၀၉-၇၇၃၇၃၆၉၂၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁၃၇၊
မြေကွက်အမှတ် - ၁၉၃၊ အကျယ်အဝန်း - (၄၀ပေx ၆၀ပေ)ရှိ မြေကွက် (၁)ကွက်၊
မြေကွက်အမှတ် - ၁၉၄၊ အကျယ်အဝန်း - (၄၀ ပေx၆၀ ပေ) ရှိ မြေကွက် (၁) ကွက်၊
မြေကွက်အမှတ် - ၁၉၅၊ အကျယ်အဝန်း - (၄၀ ပေx၆၀ ပေ) ရှိ မြေကွက် (၁) ကွက်၊
မြေကွက်အမှတ် - ၁၈၂၊ အကျယ်အဝန်း - (၄၀ ပေx၆၀ ပေ) ရှိ မြေကွက် (၁) ကွက်၊
စုစုပေါင်းမြေကွက် (၄)ကွက်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ကျိန်ချင့်ချွေ [၁၃/လရန(နိုင်) ၁၄၀၈၂၄) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်များဖြစ်ပြီး အဆိုပါမြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ပြီး မိမိတစ်ဦးတည်းဆန္ဒဖြင့် မည်သူ့ကိုမဆို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးသိန်းနိုင်ထွန်း [၁၂/ဒဂရ(နိုင်) ၀၃၄၂၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်များနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B, D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ထိပ်တင်မှတ်(၆)လမ်း၊ မြေကွက်အမှတ်(၂၆၀)၏ မြေအကျယ်အဝန်း (၄၃x၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ် (၂၅၉)နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးတင်ငွေ (ISN-၂၀၃၈၃၄)အမည်ပေါက် နှစ်(၆၀)ဂရန်(မိတ္တူ)ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ခင်အေး[၇/ပမန(နိုင်)၀၂၇၉၁၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူထံမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၀၀၄၀၃၅၊ ၀၉-၂၅၃၁၁၈၀၁၄၊**
**၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ ဇေယျာ (၈)လမ်း၊ အမှတ်- ၃၅၄ ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂) ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ ပထမထပ် (၂-လွှာ)(ညာ) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၇ပေx ၅၂ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးစိုးဝင်း [၁၂/တမန(နိုင်)၀၇၂၇၈၅]မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လျှုဒါန်းထားခြင်းမရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဟန်ဇော်လင်း LL.B,D.B.L,D.I.PL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၆၁)**
**အမှတ်- ၈၃/၁၃၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-789489920**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ နာနတ်တောလမ်းသွယ်၊ ဝဂ္ဂီအိမ်ရာ၊အမှတ်(၂၄/အေ) ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-(၈၂)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်-(၂၄/အေ) ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၈)ထပ်အဆောက်အဦရှိ အခန်းအမှတ်(၅/အေ)(စတုတ္ထထပ်)၊ (ခေါင်းရင်းခန်း) ဧရိယာ (၂၆ပေ×၆၃ပေ)ခန့်ရှိသောတိုက်ခန်းနှင့်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား(၂၅-၁၁-၂၀၀၈)ရက်စွဲပါ ""တိုက်ခန်းအရောင်းအဝယ်အပြီးသတ်ငွေချေကတိစာချုပ်"" ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူ ဦးစောဆစ်ဒနီဆင် (၁၃/လရန(နိုင်)၁၀၅၁၅၉)မှ မိမိဝယ်ယူထားသည့် တိုက်ခန်းဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့် ခွဲပိုင်ခွင့်နှင့်အရှုပ်အရှင်းကင်းရှင်းကြောင်းတို့ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို(စရန်ငွေ)အဖြစ်ရောင်းချသူများထံပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါကယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့်ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိုပြီးမြောက်သည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုသဲမေ (LL.B, D.B.L)**
**လွှဲအပ်ညွှန်ကြားချက်အရ- တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၇)**
**ဖုန်း-၀၉-၄၂၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ မင်းလွင်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်- ၁၀၁၇ B၊ အင်းပနော်ကွင်း၊ မြေအမျိုးအစား - လယ်၊

(၁) ဦးပိုင်အမှတ် - ၂၁ᵃ/ခ၊ ဧရိယာ (၂.၅၄) ဧက၊ အမည်ပေါက် - ဦးဇော်ဝင်း
(၂) ဦးပိုင်အမှတ် - ၁၉/င၊ ဧရိယာ (၀.၄၁) ဧက၊ အမည်ပေါက် - ဦးဇော်ဝင်း
(၃) ဦးပိုင်အမှတ် - ၁၉/ဃ၊ ဧရိယာ (၂.၂၂) ဧက၊ အမည်ပေါက် - ဦးဇော်ဝင်း
(၄) ဦးပိုင်အမှတ် - ၂၁ᵃ/ဃ၊ ဧရိယာ (၀.၉၅) ဧက၊ အမည်ပေါက် - ဦးအောင်ရွှေ
(၅) ဦးပိုင်အမှတ် - ၁၉/ခ၊ ဧရိယာ (၀.၃၅) ဧက၊ အမည်ပေါက် - ဦးအောင်ရွှေ

စုစုပေါင်း (၆.၄၇)ဧကနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်များနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၂၀၈/၂၀၁၆ အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးအောင်ကြည် [၉/မမန (နိုင်)၀၇၆၂၀၀]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၄)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၃၀-ရပ်ကွက်၊ မြသီရိ (၁)လမ်း၊ အမှတ်-၆၄၈ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၀၊ မြေကွက်အမှတ်- ၆၄၈၊ အကျယ် (၄၀'x၆၀')အနက် တရားဝင်မခွဲစိတ်ရသေးသောမြေ၏ ခြေရင်းဘက်ခြမ်း၊ အကျယ် (၂၈'x၆၀')၊ မြေအမျိုးအစား- ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးကြည်ဝင်း (ZLN- ၀၅၅၉၄၆) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ချိုချိုလွင် [၁၃/နခန(နိုင်)၀၀၂၆၄၉]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၄)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်- ၃၆ (၆-လွှာ/ဘီ) တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ဝင်းမာ [၁၂/ဗဟန(နိုင်)၀၀၄၉၂၄]က အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိအကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသောကြောင့် ကျွန်ုပ်မိတ်ဆွေမှ အဆိုပါတိုက်ခန်းကို ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီဂီဝင်း (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၈၀)**
**ရုံးအမှတ် (၈၃/၁၁)၊ ဒု-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၅ ရပ်ကွက်၊ သုမန ၂ လမ်း၊ အမှတ်- ၃၅၅၊ ၁ ခန်းတည်း ၆ ထပ် အဆောက်အဦ၏ တတိယထပ်၊ ၄ လွှာ၊ ၁၈ ပေx ၅၄ ပေခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်မိုးမဇ္ဈူသင်း [၁၂/ဗတထ(နိုင်)၀၀၁၀၂၇] ကိုင်ဆောင်သူက အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းအောင် [၁၁/မတန(နိုင်)၀၁၃၀၆၄] ကိုင်ဆောင်သူက လက်ရောက်အပြီးအပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းအောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉ -၂၅၄၃၄၅၇၄၆၊ ၀၉- ၉၇၁၈၁၁၉၈၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ရိပ်သာရပ်ကွက်၊ မေဃဝတီတိုးချဲ့ (၁၂)လမ်း၊ အကွက်အမှတ် (၈၀၈)ဟုခေါ်တွင်သော ဧရိယာ (၄၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးမျိုးမြင့်ဇော် [၈/တတက(နိုင်)၀၄၃၇၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်စန်းစန်းထွေး [၁၂/မဂတ(နိုင်)၀၁၈၀၁၄]မှ အပိုင်ဝယ်ယူရန်အတွက် (၉-၆-၂၀၂၄)ရက်နေ့တွင် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေခလာဦး (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်- ၂၂၄၉၉)**
**ဖုန်း- ၀၉-၇၅၅၇၉၃၇၇၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဓာတ်ရောင်ခြည်ဆေးကုဌာနတွင် အစာအိမ်ကင်ဆာလူနာများ ဓာတ်အပ်စိုက်ရာတွင် အသုံးပြုနေသည့် Brachytherapy စက်တွင် အသုံးပြုရန် Ir.192 Source (၃) လုံးနှင့် Yearly Replacement Parts & PMI Kits များ ဝယ်ယူရန်ရှိပါသဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၁၃-၆-၂၀၂၄ (ကြာသပတေးနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်နေ့ရက်/အချိန် - ၂၆-၆-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ အမှတ်-၄၂၊ ပထမထပ် (ခေါင်းရင်းခန်း) နေ ဒေါ်မေအိလှိုင် (၁၂/ပဗတ (နိုင်) ၀၂၉၈၉၈) မှ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရေနံသာလမ်း၊ အမှတ်-၇၉/၅ နေ ဒေါ်ကေခိုင်ကိုကို (၁၂/သဃက (နိုင်) ၁၆၁၀၀၅) သို့ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး (ရန်ကုန်) ၏ (၁၀-၁၀-၂၀၁၇) ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် - ၉၂၅၅/၂၀၁၇ ဖြင့် လွှဲအပ်ပေးခဲ့ပါသည်။

အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ခံရသူ ကျွန်ုပ်၏ မိတ်ဆွေမှဆက်လက်ဆောင်ရွက်ရန်ကိစ္စများမရှိတော့သည့်အတွက် ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ကေခိုင်ကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမိုးဇော်ဦး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၈၅/၁၃)**
**အမှတ်-၁၂၂၊ ပ-ထပ်၊ အနော်ရထာလမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၉၈၆၀၂၆၄၆၊ ၀၉-၂၅၄၂၀၁၂၁၂၊ ၀၉-၇၃၀၇၁၄၄၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၁)၊ မြေကွက်အမှတ်(၉၇၉)၊ (၄၀x၆၀)ပေ၊ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေ အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ရွှယ်ဂျင်(ခ) ဒေါ်ကေသီ အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မူရင်းနှင့်အတူ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဆန်းဦး [၁၂/ဥကတ(နိုင်)၀၈၂၀၈၇]မှ ၎င်းလက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်နှင်းသဇင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာမိုး အထက်တန်းရှေ့နေ (စဉ်-၅၅၄၉၀)**
**အမှတ်(၈၆)၊ အင်းဝကျောကပ်လမ်း၊ (၁၂၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၇၇၄၅၈၅၂၉၊ ၀၉-၇၃၂၃၀၃၀**

## "နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း"

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းအောင်လေး [၁၀/မလမ(နိုင်)၁၅၈၉၁၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းအောင်လေးနှင့် ဒေါ်ခင်သီတာအေး [၁၀/မလမ(နိုင်) ၁၆၁၀၇၄]ကိုင်ဆောင်သူတို့မှာ(၁၀-၂-၂၀၂၄)နေ့စွဲပါ နှစ်ဦးသဘောတူလင်မယားကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ချုပ်ဆို၍ ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ တစ်ဦးနှင့်တစ်ဦး ကွာရှင်းပြတ်စဲလက်မှတ်ရေးထိုးပြီးသည့် အချိန်နေ့မှစ၍ တစ်ဦးနှင့်တစ်ဦး သက်ဆိုင်မှုလုံးဝမရှိတော့ဘဲ၊ ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားရေး ကိစ္စအရပ်ရပ်နှင့် လူမှုရေးကိစ္စအဝဝတို့အား ကျန်တစ်ဦးက နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် ဂုဏ်သိက္ခာ ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်တိုင်တန်းခြင်း၊ နှောင့်ယှက်ခြင်း အစရှိသည် တို့ကိုမပြုလုပ်ရန် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင်လေးကိုယ်စား သက်ဆိုင်သူများအား သတိပေးတားမြစ်လိုက်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ညွှန်ကြားချက်ပေးသူ**
**ဦးဝင်းအောင်လေး**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းကြည်မေ (LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၇၃၂၁(၈-၂-၂၀၀၅)**
**အမှတ်-၁၁၂(မြေညီ)၊ ပတ္တမြားလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။**
**ဖုန်း-၀၉-၄၄၀၇၁၉၀၉၇**

## ဦးဇင်လင်းထက်[၈/သရန(နိုင်)၀၇၉၉၉၈]နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ အောင်သပြေ အနောက်(၉)လမ်း၊ အမှတ်(၈၆၁)နေ ဒေါ်ခိုင်ရည်မွန် [၁၁/အမန(နိုင်)၀၃၈၄၉၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဒေါ်ခိုင်ရည်မွန် [၁၁/အမန(နိုင်)၀၃၈၄၉၃]၏ ခင်ပွန်းဖြစ်သူ ဦးဇင်လင်းထက် [၈/သရန(နိုင်)၀၇၉၉၉၈]သည် မိသားစုအပေါ်တွင် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များပြုလုပ်သွားသည့်အတွက် ယနေ့မှစ၍ ဦးဇင်လင်းထက်နှင့် ဒေါ်ခိုင်ရည်မွန်တို့သည် လုံးဝပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်သောကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဇင်လင်းထက်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခိုင်ရည်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကိုကို(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၂)**
**ဒေါ်ပိုပိုချစ်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၄၀)**
**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၄၅၀၅၆၃၆၊ ၀၉-၉၄၀၇၂၅၅၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း (၅) ရပ်ကွက်၊ ဝါဝါဝင်းအိမ်ရာ၊ တိုက်အမှတ် (၄၂)၊ အခန်းအမှတ် (၂၀၄) ဟုခေါ်တွင်သော တိုက်ခန်းသည် ဦးဝင်းထက် [၁၂/ဥကတ (နိုင်) ၁၇၁၅၃၃] မှ တရားဝင်ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အဆိုပါတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးလှဝေ (စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ ပိတောက်လမ်း၊ မြေကွက်အမှတ်(၁၀၁)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးသိုက်စိုး(ခ) ဦးသိုက်ထွေး[၉/နထက(နိုင်)၀၉၅၃၅၂]အမည်ပေါက် နှစ် ၆၀ ဂရန်မြေ၏ လက်ဝဲဘက်ခြမ်း တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက် အဆောက်အဦအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိပိုင်ဆိုင်နေထိုင်သူ ဒေါ်ခင်မြင့်မြင့် [၁၂/ဒဂန(နိုင်)၀၀၆၈၀၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်၍ ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေနှင့်အိမ်ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိပြီး(၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်နန့်ရှုဂေးခလိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၃၅/၁၂)**
**အမှတ်(၁၀၃)၊ သဒ္ဒါရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၀၆၁၃၅၄၊ ၀၉-၇၈၆၅၂၄၅၁၉**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ မြေကွက်အမှတ်(၄၂၇/က) ဟုခေါ်တွင်သော (၂၀ပေx၆၀ပေ)အကျယ်အဝန်းရှိ ဦးကျော်တင့် (AE-၂၃၆၅၈၂)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်မြင့် [၁၂/သဃက(နိုင်)၀၅၂၅၈၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်ကျော့[၁၂/အလန(နိုင်)၀၀၂၅၈၈]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအချို့ကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှဌေး (LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၉)**
**အမှတ်(၉၅၄/က)၊ သရေခေတ္တရာလမ်း၊ (၁၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၂၄၀၆၇၁**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာမြင့်၊ မှတ်ပုံတင်အမှတ် [၁၂/အစန(နိုင်) ၀၁၀၃၄၄]၊ အမှတ်-၄၁၊ သီရိလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူမှ ဦးဇော်လင်း မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၀၂၈၇၉၈] ကိုင်ဆောင်၍ မြိတ်ဇင်းနစ်ကုမ္ပဏီ၊ ဆေးဝါးစက်ရုံလမ်း၊ အနောက်ကြို့ကုန်းတွင်နေထိုင်သူအား ကွင်းအမှတ်-၁၀၁၊ ဦးပိုင်အမှတ် ၁၄၊ ကွင်းအမှတ်-၃၀၆၊ စက်မှုဇုန်(၇)၊ သာယာကုန်းကျေးရွာ၊ လှိုင်သာယာမြို့နယ်ရှိမြေကွက်၏ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရရှိစေရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလတွင် အထွေထွေကိုယ်စားလှယ် လွှဲစာလွှဲအပ်ပေးခဲ့ပါသည်။ ဦးဇော်လင်းသည် နှစ်ဦးသဘောတူထားသောလုပ်ငန်းအပ်နှံသည့် သက်တမ်းကာလ ကျော်လွန်သည်အထိ လုပ်ငန်းပြီးစီးအောင် လုပ်ဆောင်နိုင်ခြင်းမရှိသဖြင့် လွှဲအပ်ပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နော်မိုးပုလဲ(LL.B) (စဉ်-၅၅၇၁၇) အထက်တန်းရှေ့နေ ဖုန်း-၀၉-၄၂၁၉၈၆၈၁၆**
**ဒေါ်ယမင်းသော်တာ(LL.B) (စဉ်-၁၈၅၂၅) တရားလွှတ်တော်ရှေ့နေ ဖုန်း-၀၉-၄၂၆၂၆၇၄၅၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စ)၊ မြေကွက်အမှတ်-၁၈/ခ၊ ဧရိယာ (၁၂၀၀- စတုရန်းပေ)၊ မြေအမျိုးအစား-နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်- (၁၈/ခ)၊ သုနန္ဒာ (၆) လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးမျိုးဇော်ဝင်း [၁၄/ပတန(နိုင်)၁၂၄၈၁၆] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ ဝယ်ယူထားရှိသူ ဒေါ်ဥမ္မာလှိုင် [၁၂/အစန (နိုင်)၂၀၁၄၀၁] မှ မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအေးမင်းဇော် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၅)**
**ဦးကျော်မင်းနိုင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၃)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်မြသီတာထွေး နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်တင်လှိုင်[၁၂/ကမန(နိုင်)၁၀၁၃၀၁]ကိုင်ဆောင်သူ၊ ရန်ကုန်မြို့၊ တွံတေးခရိုင်၊ ကော့မှူးမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ်(၂၉)တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်တင်လှိုင်နှင့် ဒေါ်မြသီတာထွေးတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး (၂၀၂၀)ခုနှစ်တွင် လက်ထပ်စာချုပ် ချုပ်ပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ထိုသို့ ပေါင်းသင်း နေထိုင်ခဲ့စဉ် အတောအတွင်း လက်ထပ်ပွား ပစ္စည်းများအဖြစ် အောက်ပါအတိုင်း ဖြစ်ထွန်းခဲ့ပါသည်-

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၄)ရပ်ကွက်၊ "ဝင်း"သာခုကန် လူနေစီးပွားအိမ်ရာဝင်း၊ ခြံအမှတ်(G-18)ရှိ မြေကွက်(၂)ကွက်တွဲ၊ ဂိုဒေါင်နှင့်ပစ္စည်းအပါအဝင် အကျယ်အဝန်း (၁၀၀x၁၀၀) ပေ ဂရန်မြေရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၄)ရပ်ကွက်၊ "ဝင်း"သာခုကန် လူနေစီးပွားအိမ်ရာဝင်း၊ ခြံအမှတ်(G-19)ရှိ ဂရန်မြေကွက် အကျယ်အဝန်း (၅၀ x ၁၀၀)ပေရှိသော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၄)ရပ်ကွက်၊ "ဝင်း"သာခုကန် လူနေစီးပွားအိမ်ရာဝင်း၊ ခြံအမှတ်(I) အကျယ်အဝန်း (၅၀ x ၁၀၀)ပေရှိ ကိုဝင်းဦး အမည်ပေါက်ပိုင်ဆိုင်သော ခြံဝင်းအတွင်း အငှားထည့်ထားသည့် လုပ်ငန်းပစ္စည်း တန်ဖိုးပေါင်း (သိန်း ၁၅၀၀)ကျော်ခန့်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၄) လုပ်ငန်းသုံး ယာဉ်အမှတ်-2L/1257 ၊ ယာဉ်အမျိုးအစား - MITSUBISHI CANTER ကားအကြီး (၁)စီး။

(၅) လုပ်ငန်းသုံး ယာဉ်အမှတ်-5L/3878 ၊ ယာဉ်အမျိုးအစား - MITSUBISHI CANTER ကားအကြီး (၁)စီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် လင်မယား နှစ်ဦးပိုင်လက်ထပ်ပွား ပစ္စည်းများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပိုင်ဆိုင်မှုအရပ်ရပ်အားလုံးတို့အား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်တင်လှိုင်၏ သဘောတူညီမှုမရှိဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ဝယ်ယူခြင်း မပြုရန်နှင့် လွှဲပြောင်းလက်ခံထားခြင်းများ ရှိပါက ကျွန်ုပ်အမှုသည် ဦးအောင်တင်လှိုင်မှ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်အေးအေးမော် | ဒေါ်သူသူမင်း | ဒေါ်ခင်မို့မို့ထွန်း | ဒေါ်မာလာသန်းမြင့် |
|---|---|---|---|
| (စဉ်-၇၆၀၇) | (စဉ်-၁၂၉၆၅) | (စဉ်-၁၅၉၉၄) | (စဉ်-၁၈၂၅၅) |
| LL.B,D.B.L | LL.B, D.B.L | LL.B | LL.B |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၄၉)၊ အခန်း(၅+၆)၊ လမ်း-၄၀ (ကမ်းနားဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၂၅၄၇၆၈၊ ၀၉-၂၆၆၂၅၁၂၆၆**

## ဖခင်အမည်မှန်

ရေးခရိုင်၊ ရေးမြို့၊ အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း Grade (6)မှ မပဟေမာန်မြင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးညီနိုင် [၁၀/ရမန(နိုင်)၁၇၁၈၅၂]ဖြစ်ပါကြောင်း။

**ဦးညီနိုင်**

## "အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်း"

ကျွန်မ ဒေါ်ကွန်ကြည် (ဘ) ဦးလှရင် [၁၂/သကတ (နိုင်) ၀၃၉၂၄၄] သည် ဒေါ်အေးမိုးခိုင် [၁၂/သကတ (နိုင်) ၀၈၇၇၁၃]ထံသို့ (၉-၄-၂၀၂၄) ရက်စွဲအရ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၅၃/၂၀၂၄)ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခဲ့ပြီး ယခုအခါအဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကွန်ကြည် [၁၂/သကတ(နိုင်)၀၃၉၂၄၄]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၅)၊ ရတနာလမ်း၊ မြေကွက်အမှတ်(၁၀၀၂)၊ အကျယ်အဝန်း(၄၀ပေX၆၀ပေ)ရှိ ဦးချစ်ဟန်အမည်ပေါက် နှစ်၆၀ဂရန် မြေကွက်အနက်မှ မြေကွက်အမှတ်(၁၀၂၃)နှင့်ကပ်လျက် (၂၀ပေX၆၀ပေ)ရှိ မြေကွက်နေအိမ်အား GP13290/2023နှင့် အရောင်းအဝယ်စာချုပ်အရဝယ်ယူ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသန့်စင်မင်း(၁၂/ကမရ (နိုင်) ၀၅၉၆၀၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L,D.I.P.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၇၆)
အမှတ်(၁၀၅၀)၊ ဗြဟ္မစိုရ်လမ်း၊ ၅ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ဖုန်း-၀၉ ၄၂၀၀၇၀၇၂၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၆)၊ အောင်မြေလမ်း၊ မြေကွက်အမှတ်(၃၂၅)၊ အကျယ်အဝန်း(၄၄ပေX၆၀ပေ) (၀.၀၆၁ ဧက)ရှိ ဦးအောင်စိုးလင်း(၁၂/မဂတ(နိုင်) ၁၀၀၁၅၂)အမည်ပေါက် နှစ်၆၀ဂရန် မြေကွက်အား မြေအမည်ပေါက် ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်စိုးလင်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L,D.I.P.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၇၆)
အမှတ်(၁၀၅၀)၊ ဗြဟ္မစိုရ်လမ်း၊ ၅ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ဖုန်း-၀၉ ၄၂၀၀၇၀၇၂၉

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် (၅၉၄)၊ ထွန်းသီရိလမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ မြေကွက်အမှတ် (၅၉၄)၊ ဧရိယာ (၄၂/၄၀'x ၆၄') အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေသည် ဒေါ်ခင်မျိုးမြင့် (KLW – ၀၀၉၆၉၄) အမည်ပေါက်ဖြစ်ပါသည်။ အဆိုပါမြေထဲမှ (၂၂/၂၀'x ၆၄') အကျယ်အဝန်းရှိ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက်ထံမှ ယခုရောင်းသူ ဦးထွန်းဦးလှိုင် [၁၂/သကတ(နိုင်)၁၆၉၅၁၅] အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ၎င်းမှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့် အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်းအထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝေ(စဉ်–၇၁၂၄)    ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်–၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၇၅၁၄၄၄၀၁၊ ၀၉–၇၇၅၁၄၄၄၀၂**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ မေဃဝတီ (၁၇)လမ်း၊ အမှတ်(၁၃၄၅)၏ အမည်ပေါက်မှာ ဦးအောင်ကြည်မြင့်၊ အမျိုးသားမှတ်ပုံတင်အမှတ်(N/OKA–၀၂၈၀၈၅)ထံမှ ဦးမင်းနေရောင် [၁၂/တမန(နိုင်)၁၇၀၉၁၁]မှ ဝယ်ယူပြီး ဦးဝေလင်းထွန်း [၁၂/အလန(နိုင်) ၀၃၉၁၈၅] ထံမှ ကျွန်ုပ် ဒေါ်မေခလာဦး [၁၂/မဂဒ(နိုင်)၁၀၉၅၇၁] ကိုင်ဆောင်သူမှ နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ် အပြီးအပိုင်စာချုပ်ဖြင့် တရားဝင် ဝယ်ယူထားသော ခြံမြေဖြစ်ပါသည်။ ၎င်းခြံမြေ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အမည်ပြောင်းထားခြင်း၊ ငှားရမ်းထားခြင်း၊ ပေါင်နှံခြင်း၊ အမွေစားအမွေခံပေးထားခြင်း (GP/SP)ပေးထားခြင်း လုံးဝ(လုံးဝ)မရှိပါ။ ၎င်းခြံမြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကျူးကျော်နေထိုင်သူများနှင့် ကန့်ကွက်လိုသူများရှိပါကလည်း ကြော်ငြာသည့်နေ့မှစ၍ (၁)ပတ်အတွင်း အထောက်အထားအပြည့်အစုံမူရင်းဖြင့် အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်–

**ဒေါ်မေခလာဦး**
**ဖုန်း–၀၉–၇၅၁၀၅၀၅၆၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၃၉) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ရှေ့မျက်နှာမူရာအရပ်မှကြည့်လျှင် (ယာ)ဘက်ရှိ ပဉ္စမထပ် (၆–လွှာ) ခေါင်းရင်းခြမ်း၊ အလျားxအနံ (၁၂x၄၇)ပေ အကျယ်အဝန်းရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ထွေးစုစုစံ [၁၂/သဃက(နိုင်)၁၇၅၀၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးစန်းအောင် [၁၄/ဒဒရ(နိုင်)၁၅၀၄၀၄]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းနှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို တိကျခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများဖြင့် ယခုကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေမျိုးဦး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၃၈၄၇၃)**
**ဖုန်း – ၀၉–၅၁၉၁၇၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ် (၁၃)ရပ်ကွက်၊ ဇင်ယော်လမ်း၊ မြေကွက်အမှတ်(၁၀၈/က–ခ)၊ ဦးကြည်စိုး၊ ဦးမင်းဦး အမည်ပေါက် (၄၀x၆၀)ပေ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအားငို [၁၃/ကခလ (နိုင်) ၀၇၅၆၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထင်ကျော်မင်း [၁၂/ရကန(နိုင်) ၀၆၃၇၅၃]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေအား ပေးချေပြီးဖြစ်သည်။ အထက်ပါ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံတိကျသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်တင် (LL.B)** | **ဒေါ်သော်သော်မင်းသူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၄၂၆၄)** | **(စဉ်–၁၄၁၄၅)** |

**ရွှေဝါထွန်း (၁)လမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၂၅၄၈၀၄၆၂၅၊ ၀၉–၂၂၀၁၆၉၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ ချောင်းသာလမ်း၊ မြေကွက်အမှတ်(၆၂၂/က)၊ ဦးရွှေကျော် အမည်ပေါက် (၁၀x၆၀)ပေ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နွဲ့နွဲ့မုန်း [၁၂/မရက(နိုင်)၀၁၈၀၆၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးဝင်းသီဟ [၁၂/လသရ(နိုင်)၀၄၄၅၇၂]က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်သည်။ အထက်ပါ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံတိကျသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်တင် (LL.B)** | **ဒေါ်သော်သော်မင်းသူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၄၂၆၄)** | **(စဉ်–၁၄၁၄၅)** |

**ရွှေဝါထွန်း (၁)လမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၂၅၄၈၀၄၆၂၅၊ ၀၉–၂၂၀၁၆၉၃**

## "ကန့်ကွက်နိုင်ပါကြောင်း" အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၁၂)ရပ်ကွက်၊ အမှတ် (၃၄၉+၃၅၀)၊ ဧရိယာအကျယ် (၄၀ပေx ၆၀ပေ)စီရှိ မြေကွက်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဦးနေဝင်း LMA.037536 နှင့် ဒေါ်တုတ်တုတ် YNG 036959 အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်တို့ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ် အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရဲမော်ထက် [၁၂/စခန(နိုင်)၀၃၈၇၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမြင့်အောင် [၁၂/မဂတ(နိုင်)၀၀၁၄၆၈]နှင့် ဦးရဲဝင်းအောင် [၇/ဒဥန(နိုင်)၁၄၃၀၇၀]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၂၂၅၅၅)**
**အမှတ် (၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၂၅၀၅၀၆၀၄၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–(၃၀) လှူနေရပ်ကွက်အမှတ်(၂)၊ ပန်းမူလမ်း၊ မြေကွက်အမှတ်–(၁၄၈) အကျယ်အဝန်း (၄၀၈၀)စတုရန်းပေ၊ ဧရိယာ (၀.၀၉၃)ဧကရှိ ဦးညီညီလွင်(ခ) ညီညီသိန်းမြင့် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိ တရားဝင်ပိုင်ဆိုင်ထားသော မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ရောင်းချသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် ငွေကြေးတစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်မင်းဝင်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၀၉)**
**အမှတ်(၁၁၂၈)၊ ဘုရင့်နောင်(၁)လမ်း၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၀၉၂၄၂၇**

## စစ်ကိုင်းမြို့၊ ပိုးတန်းရပ်၊ ရုံးလမ်း၊ အမှတ်– ၅၂၃၊ မြေဧရိယာ (၁၂၀ x ၁၈၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် အဆောက်အဦတို့နှင့်ပတ်သက်၍အသိပေးကြေညာခြင်း

အထက်ပါမြေကွက်နှင့်အဆောက်အဦသည် အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ အမွေဆိုင်များက (၁၉–၁–၂၀၂၄) နေ့စွဲပါ "မိသားစုအမွေဆိုင်မြေကွက်နှင့် စပ်လျဉ်း ပြုလုပ်ချုပ်ဆိုသည့် ဝန်ခံကတိပြုစာချုပ်" စာမျက်နှာ– ၂၊ အပိုဒ်– ၃ တွင် "xxx ထို့ကြောင့် အဆိုပါမြေကွက်နှင့် အဆောက်အဦတို့ကို လွှဲပြောင်းရောင်းချကြရာတွင် ဒေါ်သွဲ့သွဲ့နိုင်၊ ဒေါ်သဇင်စိမ်း၊ ဒေါ်မေမြတ်လှိုင်၊ ဒေါ်စိုးစိုးလွင်၊ ဦးဝင်းမြင့်ဦး၊ ဦးမျိုးမြင့်ကျော်တို့မှ (၁)ပုံစီနှင့် ဒေါ်ဇာလီမောင်၊ ဒေါ်ဖူးပွင့်မောင်တို့မှ နှစ်ဦးပေါင်း (၁)ပုံ ရရှိကြမည်ဖြစ်ပါသည်။ ရောင်းချရာတွင် အားလုံးသဘောတူညီမှုရရှိမှ ရောင်းချကြမည်ဖြစ်ပါသည်xxx"ဟူ၍ သဘောတူ ချုပ်ဆိုကြပြီးဖြစ်ပါသည်။

သို့ပါ၍ ယင်းသဘောတူချုပ်ဆိုသည့် စာချုပ်ပါအတိုင်း အမွေဆိုင်ပစ္စည်း ရောင်းချရာ၌ အမွေဆိုင်များအားလုံးကို ကြိုတင်အသိပေးပါရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာလီမောင် [၁၂/ဥကတ(နိုင်)၁၅၂၂၀၉] နှင့်**
**ဒေါ်ဖူးပွင့်မောင် [၁၂/ဥကတ(နိုင်)၁၅၂၀၉၁]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဌေး (B.A, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၂၂၅၆/၂၂–၇–၁၉၈၂)**
**အမှတ်(၂၂၀/ခ)၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း – ၀၉–၇၉၉၉၂၉၂၆၃၊ ၀၉–၉၆၀၁၇၁၉၁၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀)
## သန်လျင်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၄၉

| | | |
|---|---|---|
| ၁။ ဒေါ်မြင့်ဝင်း | နှင့် | ဦးဇာနည်အောင် |
| ၂။ ဒေါ်စန်းအိန် | | |
| **(တရားလိုများ)** | | **(တရားပြိုင်)** |

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ ရွာသစ်ပိုင်း၊ (၁၅)နယ်မြေ၊ တောရကျောင်းလမ်းသွယ်နေ တရားပြိုင် ဦးဇာနည်အောင် (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

သင့်အပေါ်၌ (၁)တရားလို **ဒေါ်မြင့်မြင့်ဝင်း**နှင့် (၂)တရားလို **ဒေါ်စန်းအိန်**တို့က **ငွေ(၁၄၈,၀၀,၀၀၀ိ/–)ကျပ် (ကျပ်တစ်ရာလေးဆယ့်ရှစ်သိန်းတိတိ) ရလိုကြောင်း**နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၃ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုသန္တာဇော်ဝင်း)**
**ဒုတိယမြို့နယ်တရားသူကြီး (၁)**
**သန်လျင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာအုပ်စု၊ ကွင်းအမှတ်– ၄၉၄ /ဒါးငြိမ်းဘုရားမြောက်ကွင်း၊ ဦးပိုင်အမှတ်– ၁၄/ယ၊ ဧရိယာ (၈.၇၈)ဧက၊ မြေအမျိုးအစား– လယ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လှည်းကူးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ–၇) တရားဝင်အမည်ပေါက်ရရှိသူ ဦးခင်ရွှေ [၁၂/လကန (နိုင်)၀၂၂၉၂၃]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူ မဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွား မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၇၆၄)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာအုပ်စု၊ ကွင်းအမှတ်– ၄၉၄ / ဒါးငြိမ်းဘုရားမြောက်ကွင်း၊ ဦးပိုင်အမှတ် – ၁၃/က၊ ဧရိယာ (၉.၆၃) ဧက၊ မြေအမျိုးအစား – လယ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လှည်းကူးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ–၇) တရားဝင်အမည်ပေါက်ရရှိသူ ဦးအောင်ငြိမ်း [၁၂/လကန(နိုင်)၀၂၂၈၁၁]က အမည်ပေါက်လျက်ရှိပြီး ၎င်းကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သမီး ဒေါ်အေးအေးမော် [၁၂/လကန(နိုင်)၀၂၂၈၇၀]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၇၆၄)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ၁၆/၄–ရပ်ကွက်၊ ဇေတိကလမ်း၊ အမှတ်– ၇၀၀/ခ ဟုခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၆/၄၊ မြေကွက်အမှတ်– ၇၀၀/ခ၊ ဧရိယာ (၀.၀၂၇)ဧက၊ မြေအမျိုးအစား– နှစ်(၆၀)ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက် ပိုင်ရှင် ဦးတင်လှိုင် [၁၂/သဃက(နိုင်)၀၂၅၈၁၇] {၎င်းကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်–၂၆၂၀၄/၂၀၂၃ (၂၉–၁၁–၂၀၂၃)ရရှိသူ ဦးသီဟ (ဘ) ဦးသန်းဦး [၁၂/သဃက(နိုင်)၁၇၈၂၆၂]} က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဟိန်းစိုး** | **ဦးသန်းဦး** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၇၆၄)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၇၅)** |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၃)လမ်း၊ မြေကွက်အမှတ်(၈၁)၊ တိုက်အမှတ်(၅၉)၊ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ (၅–လွှာ/ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂½ပေ x ၄၄ပေ)ရှိ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်မခူ့မွှေး [၁၄/မမက(နိုင်)၁၉၁၉၁၆]ထံမှ ဒေါ်ဆုမွန်ကျော် [၇/သဝတ(နိုင်)၀၇၈၁၂၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံ–ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဆုမွန်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ်–၈၂၊ မြေကွက်အမှတ်– ၁၁၁၉၊ ဧရိယာ (၄၀x၆၀)ပေအကျယ်ရှိ ဦးအောင်သန်း (AB–027598) အမည်ပေါက် ပါမစ်မြေကွက်အား ဆက်စပ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဟုန်ကွယ်ချင် [၁၃/လရန(နိုင်)၁၁၈၇၂၅] ထံမှ ကျွန်ုပ်၏အမှုသည်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မိုးသန္တာဦး ( LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၆၃၀)**
**အမှတ်– ၄၅၊ ၅ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၄၄၈၉၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ မြို့ပြကွက်သစ်၊ ဘုရားကုန်းအဆင့်(၂)၊ အကွက်အမှတ်(၁၀၂၈)၊ ဒေါ်စန်းမြင့် အမည်ပေါက် မြေကွက်အကျယ် (၄၀x၆၀)ပေရှိ မြေကွက်ကြီးအတွင်းမှ မြေကွက်အကျယ် (၃၀ပေx ၄၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရင်ရပ်အားလုံးတို့ကို** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးစိုးနိုင် (ဘ) ဦးချစ် [၉/မနတ(နိုင်)၀၇၈၀၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်လှမူ [၁၂/ကမန(နိုင်)၀၅၄၅၁၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သော ကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးထွန်းလှ (LL.B)** | **ဒေါ်သီရိဦး (LL.B) (LLM)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၉၃၁၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၂၃၀)** |

**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း–၀၉–၇၇၆၁၁၄၁၉၅၊ ၀၉–၇၉၉၂၂၉၁၈၃**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး
## အိတ်ဖွင့်စုပေါင်းတင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ဦးစီးဌာန/လုပ်ငန်း/ကော်ပိုရေးရှင်း အသီးသီးအတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးအခြားပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|---|
| က | 1(T)/MOEP/24–25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အသုံးပြုရန် Networking System and IT Equipment ဆောင်ရွက်ခြင်းလုပ်ငန်း။ |
| ခ | 2(T)/MOEP/24–25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အသုံးပြုရန် MOEP Data Center Protection and Management System ဆောင်ရွက်ခြင်းလုပ်ငန်း။ |
| ဂ | 3(T)/MOEP/24–25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဌာနအသီးသီးတွင် အသုံးပြုရန် Desktop Computer နှင့် Laptop Computer များ ဝယ်ယူရန်။ |
| ဃ | 4(T)/MOEP/24–25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဌာနအသီးသီးတွင် အသုံးပြုရန် Copier များ ဝယ်ယူရန်။ |
| င | 5(T)/MOEP/24–25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဌာနအသီးသီးတွင် အသုံးပြုရန် Printer၊ Projector with Screen၊ Scanner နှင့် ငွေရေစက်များ ဝယ်ယူရန်။ |

၂။ အဆိုပါတင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၅-၆-၂၀၂၄)ရက် (၁၀:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (**www.moep.gov.mm**)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အေးသစ္စာရပ်ကွက်၊ အောင်ချမ်းသာတိုးချဲ့၊ သန်လျင်-ကျောက်တန်းမြို့နယ်၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးမောင်ထင် (ဘ) ဦးစိန်ထွန်း (SRM-၀၉၃၃၃၀) ကိုင်ဆောင်သူအမည်ဖြင့် ချထားပေးသော (ပါမစ်မြေ) မြေကွက်အမှတ်(၇၄၆)၊ မြေဧရိယာ (၄၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး နောက်ဆုံးပိုင်ရှင်ဖြစ်ပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်အေး (ဘ) ဦးစိုး [၁၂/သလန(နိုင်)၀၇၆၉၅၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မို့မို့အောင် (ဘ) ဦးအောင်နိုင် [၁၂/သကတ(နိုင်)၁၇၉၄၇၇] ကိုင်ဆောင်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါကခိုင်လုံသော ပါမစ်မူရင်း၊ အရောင်းအဝယ်ကတိစာချုပ်မူရင်း စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း- ၀၉-၅၁၈၅၁၆၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ အောင်သပြေ (၁၂)လမ်းအရှေ့၊ အမှတ်(၉၈၆/ခ)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ စတုတ္ထထပ် (၅)လွှာ (ခေါင်းရင်းခန်း)၊ (၁၈x၅၄)ပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးကျော်မင်းခိုင် [၁၂/ခရန(နိုင်)၁၀၇၇၂၈]၊ ဒေါ်နှင်းပွင့်ခိုင် [၇/မလန(နိုင်) ၀၉၁၈၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဦးဝင်းလှိုင် [၁၁/ပတန(နိုင်) ၁၀၄၀၅၈]၊ ဒေါ်ဖြိုးနုဝေ [၁၁/ပတန(နိုင်) ၀၉၅၁၈၃]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၇၄၆)** |

**အမှတ် (၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း - ၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၁၆၅)၊ (၂)ခန်းတွဲ (၆)ထပ်ခွဲတိုက်၏ စတုတ္ထထပ် (၅)လွှာ (5-A) (ခေါင်းရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်သန်းနွဲ့ [၁၂/ကတတ(နိုင်)၀၀၂၇၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရတနာတင့် [၁၂/ရကန(နိုင်) ၀၇၄၃၄၆]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၇၄၆)** |

**အမှတ် (၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း - ၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
## ဥပဒေ/နိုင်ငံတကာ/ပြန်ကြားရေးဌာန လုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### တင်ဒါအမှတ်စဉ် (ITCS-၅/၂၀၂၄)၊ (ITCS-၆/၂၀၂၄)

၁။ (၂၀၂၄-၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ဥပဒေ/နိုင်ငံတကာ/ပြန်ကြားရေးဌာန၏ GMDSS စခန်း(၄)ခုတွင် 3 Step Surge Protection System တပ်ဆင်ခြင်းလုပ်ငန်းနှင့် GMDSS သန်လျင်စခန်းတွင် စက်ပစ္စည်းများဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေနှင့် လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါ၍ စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဆောင်ရွက်မည့်လုပ်ငန်းများမှာ -

(က) ITCS - ၅/၂၀၂၄ GMDSS စခန်း(၄)ခု (ကျိုက္ခမီ၊ သောင်ပြင်၊ ဘူဒင်းချောင်၊ ကော့သောင်း)တွင် 3 Step Surge Protection System တပ်ဆင်ခြင်း

(ခ) ITCS - ၆/၂၀၂၄ GMDSS သန်လျင်စခန်းတွင် Online UPS Backup System တပ်ဆင်ခြင်းလုပ်ငန်း Lot-1

(ဂ) ITCS - ၆/၂၀၂၄ GMDSS သန်လျင်စခန်းတွင် AIS Data Sharing to External Parties System တပ်ဆင်ခြင်းလုပ်ငန်း (စက်ပစ္စည်းတပ်ဆင်မှုစရိတ်များအပါအဝင်) Lot-2

| | |
|---|---|
| ၃။ တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ရက် | - ၁၂-၆-၂၀၂၄ |
| ၄။ တင်ဒါပုံစံအရောင်းပိတ်မည့် နေ့ရက်နှင့်အချိန် | - ၁၈-၆-၂၀၂၄ မွန်းတည့် (၁၂:၀၀) နာရီအထိ။ |
| ၅။ တင်ဒါပုံစံရောင်းချမည့်နေရာ | - ထောက်ပံ့ဌာန၊သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေး ဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်။ |
| ၆။ တင်ဒါတင်သွင်းရမည့်နေရာ | - ထောက်ပံ့ဌာန၊သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်။ |
| ၇။ တင်ဒါနောက်ဆုံးထား တင်သွင်းရမည့်နေ့ရက်နှင့် အချိန် | - ၈-၇-၂၀၂၄၊ တနင်္လာနေ့ မွန်းတည့် (၁၂:၀၀) နာရီအထိ |
| ၈။ တင်ဒါပုံစံကြေး | - တစ်ခုလျှင် ၁၀,၀၀၀/- (ကျပ်တစ်သောင်းတိတိ) |

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနသို့ ကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၇၇၅၃ နှင့် ၀၆၇-၃၄၀၇၆၃၂ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ(ဆက်သွယ်ရေး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/အလင်းရောင်ရပ်)၊ ဦးပိုင်အမှတ်(၃-ခ)၊ မြေဧရိယာ (၀.၃၆၄) ဧကရှိ ဦးတင်အောင် (ဘ) ဦးမောင်ကို [၉/လဝန(နိုင်)၀၄၉၂၅၃] အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဖခင်ဖြစ်သူ ဦးတင်အောင်နှင့် မိခင်ဖြစ်သူ ဒေါ်မြသစ် ကွယ်လွန်သွားကြပါသဖြင့် အမွေဆက်ခံခွင့်ရှိသည့် သားသမီးများဖြစ်သော ဒေါ်အိအိအောင် (ဘ) ဦးတင်အောင်[၉/လဝန(နိုင်) ၁၃၇၆၁၀]၊ ဒေါ်အိမွန်အောင် (ဘ) ဦးတင်အောင်[၉/လဝန(နိုင်)၁၅၁၅၄၅] နှင့် ဒေါ်ဆုမွန်အောင် (ဘ) ဦးတင်အောင်[၉/လဝန(နိုင်)၁၅၅၉၈၁]တို့မှ မြေငှားစာချုပ်မူရင်း၊ သေဆုံးကြောင်းအထောက်အထားလက်မှတ်၊ တရားရုံးမှတ်ပုံတင်ကျမ်းကျိန်လွှာ (၂၅/၂၀၂၄) (၁၇-၅-၂၀၂၄)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန် **မြေပုံ၊ မြေရာဇဝင်** လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ **မြေပုံ၊ မြေရာဇဝင်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ ခြံအမှတ်- The Hill No.6၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂ (The Hill)၊ မြေကွက်အမှတ် (၁၉၃/၆၆.၄၈)၊ အကျယ်အဝန်း (၉၃၈၆)စတုရန်းပေ၊ (၀.၂၁၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်လော်လီပင် [၁၃/လကန(နိုင်) ၀၁၇၁၈၇]မှ တရားဝင်အမည်ပေါက်၍ လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဆီကွေးလူ [၁၃/လရန(နိုင်) ၁၉၉၆၇၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆီကွေးလူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်ခိုင်ဝင်း** | **ဒေါ်ဝေဖြိုးအောင်** |
| **(LL.B) WIPO (Switzerland)** | **(LL.B)WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၅၃၈၈)** | **(စဉ်-၁၅၄၅၅)** |

**အမှတ် (၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၉၈၁၉၉၃၀၀၊ ၀၉-၉၄၄၁၉၉၃၀၀၊ ၀၉-၇၉၈၄၅၈၆၂၇**

## ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ ကျင်းပမည့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုရန် အထိမ်းအမှတ်တံဆိပ် (Logo) ရေးဆွဲပြိုင်ပွဲ ကျင်းပမည်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ ကျင်းပမည့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကိုယ်စားပြု သတ်မှတ်အသုံးပြုမည့် အထိမ်းအမှတ် တံဆိပ် (Logo) ရေးဆွဲပြိုင်ပွဲကို ၁၃-၆-၂၀၂၄ ရက်နေ့မှ ၁၂-၇-၂၀၂၄ ရက်နေ့အတွင်း ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

**အထိမ်းအမှတ်တံဆိပ်(Logo) တွင် ပါဝင်ရမည့်အချက်များ-**

(က) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ကျင်းပမည်ဆိုသည့် အဓိပ္ပာယ်

(ခ) ကျင်းပသည့် အကြိမ်အရေအတွက်နှင့် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအား ကိုယ်စားပြုသော အဓိပ္ပာယ်

(ဂ) အပြည်ပြည်ဆိုင်ရာ အိုလံပစ်အထိမ်းအမှတ် ပြာ၊ ဝါ၊ နက် ၊ စိမ်း၊ နီ အရောင်ပါကွင်း(၅)ကွင်း

(ဃ) အားကစားသမားအချင်းချင်း၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ချစ်ကြည်ရင်းနှီးမှု သဘောဆောင်သည့် ရေးဆွဲချက်

(င) မိမိနိုင်ငံရှိ ထင်ရှားသော အထိမ်းအမှတ် အဆောက်အဦများကို ဖော်ညွှန်းသည့် အဓိပ္ပာယ်ပါသော ရေးဆွဲချက်

(စ) မိမိရေးဆွဲယှဉ်ပြိုင်သည့် ပန်းချီ သို့မဟုတ် Graphic Design တွင် ရေးဆွဲထားသော အကြောင်းအရာနှင့် အသုံးပြုထားသော အရောင်တို့၏ အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုချက်ပါရှိရမည်။

ယခင် ကျင်းပပြီးစီးခဲ့သည့် ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်၊ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်များ၏ အထိမ်းအမှတ်တံဆိပ်(Logo)အဖြစ် အောက်ဖော်ပြပါပုံစံကို အသုံးပြုခဲ့ပါသည်-



ပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရပါက ဆုကြေးငွေကျပ် ၂၅ သိန်း ချီးမြှင့်ပေးသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်ပုံစံအား (၁)စောင်လျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ၁၂-၆-၂၀၂၄ ရက်နေ့မှ ၃၀-၆-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနရှိ လူထုအားကစားနှင့် ပညာပေးဌာနခွဲ(ဝဏ္ဏသိဒ္ဓိအားကစားကွင်း)နှင့် ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာန၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲများသို့ လူကိုယ်တိုင် လာရောက်ဝယ်ယူရမည်ဖြစ်ပြီး အဆိုပါပုံစံနှင့်အတူ ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိမေးမြန်းလိုပါက နေပြည်တော်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ တယ်လီဖုန်းနံပါတ် ၀၉-၂၀၀၂၁၉၆၊ ၀၆၇-၈၁၀၄၃၃၅ နှင့် ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်း၊ တယ်လီဖုန်းနံပါတ် ၀၁-၄၀၀၈၉၂၊ ၀၁-၄၀၀၄၃၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး မိမိရေးဆွဲထားသော ပန်းချီကား၊ Graphic Design နှင့် Soft Copy များကို ကိုယ်တိုင်ရေးဆွဲထားကြောင်း ဝန်ခံချက်၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ပို့ဆောင်၍ဖြစ်စေ၊ ရာသီဥတုကြောင့် မပျက်စီးနိုင်သည့် လုံခြုံစွာထုပ်ပိုးထားသော အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ ၁၂-၇-၂၀၂၄ ရက် နောက်ဆုံးထား၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲသို့ ပေးပို့ရမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူအား နေ့စဉ်ထုတ်သတင်းစာများတွင် ကြော်ငြာ၍ ဆုချီးမြှင့်ပွဲ ကျင်းပပေးမည်ဖြစ်သည်။ ရွေးချယ်ခံရသော Logo ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ မူပိုင်အဖြစ် သတ်မှတ်သွားမည်ဖြစ်သည်။

## ဖခင်အမည်မှန်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်မြင့်မိုရ်(ကပ) အထက်တန်းကျောင်း Grade-11တန်းမှ မထက်သန္တာလင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုး [၁၄/ဓနဖ (နိုင်) ၁၀၂၄၀၀] ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

(ဘ) ဦးစိုးဝင်းနိုင်၏သမီး မသဲချို [၅/ခဥန(နိုင်)၁၆၆၆၄၆] ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-982913310**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် (၃၈) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၃½)ထပ်တိုက်အနက်မှ အပေါ်ဆုံးထပ်(ဒါဘာ) (ခေါင်းရင်းခန်း)တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၁၇-၁၀-၂၀၂၂)နေ့စွဲပါ "နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်ကတိစာချုပ်"အရ ဦးကျင်ဆွမ်းတန်(ခ)ဦးကျင်ဆွမ်းထန် [၁၂/သဃက(နိုင်) ၁၄၅၁၀၉]က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးကျင်ဆွမ်းတန်(ခ)ဦးကျင်ဆွမ်းထန်သည် (၂၃-၅-၂၀၂၄)နေ့တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပါသည်။ ထို့ကြောင့် အထက်ပါတိုက်ခန်းကို တရားဝင်လက်ရှိပိုင်ဆိုင်နေထိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူများဖြစ်သော ဦးကျင်ဆွမ်းတန်(ခ)ဦးကျင်ဆွမ်းထန်၏ မောင်နှမများဖြစ်သည့် (၁) ဒေါ်ကိုလွန်းကျင် [၁၂/သဃက(နိုင်)၀၉၅၈၉၃]၊ (၂) ဦးသုန်ခန့်မာန် [၁၂/သဃက(နိုင်)၁၄၅၁၂၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁) ဦးမင်းဆွေ [၉/ညဥန(နိုင်)၁၅၀၇၂၉]၊ (၂) ဒေါ်သဥ္ဇာနိုင် [၁၄/မမန(နိုင်) ၃၀၃၄၈၃]တို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူသင်းကြိုင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၀၈)**
**ရုံး- အမှတ်(၄၃)၊ ပထမထပ်(ခေါင်းရင်းခန်း)၊ သီတာလမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉ -၇၈၁၅၇၇၉၆၉ ၊ ၀၉-၄၀၀၂၄၉၉၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ပန်းခြံကျောင်းလမ်း၊ အမှတ် (၂၀)၊ အကျယ်အဝန်း (၂၅x၅၀)ပေရှိ မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူများဖြစ်ကြသော ဦးညွန့်ရှိန် [၁၂/လမန(နိုင်)၁၀၉၀၆၈]၊ ဒေါ်တင်ထွေး [၁၂/လမန(နိုင်)၁၀၆၀၃၂]တို့အား ကျွန်ုပ်တို့၏မိတ်ဆွေများမှ မြေနှင့်အိမ်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေနှင့်အိမ်ကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း -၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၃၃၊ ၃၅/ခ)မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပဉ္စမထပ်၊ ၆-လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၃x၅၀)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည် ရောင်းချပိုင်ခွင့်ရှိသူ ဦးသီဟထွန်း [၁၂/သကတ(နိုင်)၁၈၈၃၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သီတာစိုး[၁၄/သပန(နိုင်)၀၇၃၀၁၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာ၊ ကွင်းအမှတ် (၆၇၂/အေ)၊ ကျောင်းကုန်းမြောက်၊ အကွက်အမှတ် (L-၂၇၉/ဘီ)၊ ဗဟိုလမ်း (၂၀)၊ ပေ (၂၀x ၆၀) အကျယ်အဝန်းရှိ မြေကွက်အား တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်ခိုင် (၁၂/သခန (နိုင်) ၀၈၉၀၂၉) မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပန်းအိဖြူ (၁၂/စခန (နိုင်) ၀၆၀၈၇၄) မှ အပြီးအပိုင်ဝယ် ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအောင်မျိုးခိုင် တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၁၀၅)
Ph : 09 - 969383766

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့ နယ်၊ ကြီးပွားရေးရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်-၂၆၀/ခ ပေါ်တွင် ဆောက်လုပ်လျက်ရှိသော (၃) ခန်းတွဲ(၅)ထပ်တိုက်သစ်၏ ဒုတိယထပ်(၄-လွှာ)ဟုခေါ်တွင် သည့် အကျယ်အဝန်း(၁၂.၅'x ၅၀' )အကျယ် တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အကျိုးခံစားခွင့်ရရှိထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ကန်ထရိုက်တာ ဦးထိန်လင်း [၁၂/သဃက(နိုင်) ၀၀၃၉၉၆](Myanmar Standardဆောက်လုပ်ရေး)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာမျိုး[၁၂/ဥကမ(နိုင်)၂၉၁၅၁၀]က အရစ်ကျငွေချေစနစ်ဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုမြတ်ငြိမ်း(LL.B,DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၉၆)**
**အမှတ်-၃၂၈(ဒုတိယထပ်)၊ မင်းရဲကျော်စွာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၈၇၆၅၁၃၄**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ် (၆၇)မောင်ငံ၊ ဦးပိုင်အမှတ် (၃၉/၁၆)၊ ဧရိယာ (၀.၀၇၀)ဧကရှိ ဘိုးဘွားပိုင်မြေကွက်သည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန မှတ်ပုံတင်(၁-က)စာရင်းတွင် ဦးဝင်းသိန်း၊ ဦးအောင်ကျော်မင်း(၂)ဦးအမည်ပေါက်ပါသည်။ အမည်ပေါက်သူ (၂)ဦးအနက် ဦးအောင်ကျော်မင်းက ဦးဝင်းသိန်းသို့ အထက်ဖော်ပြပါအိမ်နှင့် မြေပိုင်ဆိုင်မှုအပေါ်တွင် ၎င်း၏ပိုင်ဆိုင်မှုကို အပြီးအပိုင်စွန့်လွှတ်ပေးသည့်စာချုပ် မှတ်ပုံတင် စာချုပ်အမှတ်-၄၂၅/၂၀၂၃ အရစွန့်လွှတ်ပေးခဲ့ပါသည်။ သို့ဖြစ်၍ အထက်ဖော်ပြပါ အိမ်နှင့်မြေတို့ကို ဦးဝင်းသိန်းတစ်ဦးတည်းမှ ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဦးဝင်းသိန်း[၁၀/မလမ (နိုင်)၀၂၉၈၀၉]က ၎င်း၏အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါရှိသည့်ရက်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်းခိုင်လုံသော အထောက်အထားများနှင့်အတူ မော်လမြိုင်မြို့နယ်မြေစာရင်း ဦးစီးဌာနရုံးသို့လာ ရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကအမည်ပြောင်း လျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

"ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၉-ရပ်ကွက်၊ ကျော်သူလမ်းမ၊ တင့်တယ်ကွန်ဒို၊ တိုက်အမှတ်-၈၀၃၊ ၅-လွှာ၊ အခန်းအမှတ်-(5-A)၊ (၅၀၁)၊ အကျယ်အဝန်း (၁၀၂၆)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် တပ်ဆင်ထားသော ရေ၊ မီး၊ မီတာအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"တို့ကို ပိုင်ဆိုင်၊ လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ခင်သီရိဟန်[၁၂/စခန(နိုင်)၀၆၆၄၂၈]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ပြုသော တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -** **ဒေါ်စန်းမာလာညွှန့်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၆၄၆၂/၁၃-၈-၁၉၉၇)**
**အိမ်- အမှတ်-၅၇၊ မြေညီထပ်၊ အင်းဝလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးခန်း - အမှတ်-၈၅၊ မြေညီ၊ ၃၇-လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉ -၄၃၂၀၂၇၄၀၊ ၀၉ -၅၁၅၆၅၁၄၊ ၀၉-၇၉၅၆၁၈၄၀၀**

## ဦးစိန်လင်း (ပုလောမြို့)

## အသက် (၇၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ အမှတ်(၄)ရပ်ကွက်၊ ရွှေသရဖီ(၄)လမ်းနေ (ဦးမြတ်ဖေ-ဒေါ်ဖြူ)တို့၏သား၊ ဒေါ်မေရီလှ၏ ခင်ပွန်း၊ မဥမ္မာလင်း၊ ကိုရန်နိုင်လင်း၊ ကိုအောင်ထွန်းလင်း၊ ကိုဇာနည်လင်းတို့၏ ချစ်လှစွာသောဖခင် ဦးစိန်လင်းသည် ၁၁-၆-၂၀၂၄ (အင်္ဂါနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၂၄ (စနေနေ့) နံနက် ၁၁:၃၀နာရီတွင် နေအိမ်မှ ပုလောမြို့ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ပုလောမြို့နယ်အသင်း (ရန်ကုန်)

## ဦးစိန်လင်း (ပုလောမြို့)

**ယာယီ-အတွင်းရေးမှူး၊ အဝေးရောက်အမှုဆောင်အဖွဲ့ (ပုလော)**

**အသင်းဝင်အမှတ် - ၁၂၇၄**

**အသက် (၇၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ အမှတ်(၄)ရပ်ကွက်၊ ရွှေသရဖီ(၄)လမ်းနေ ဒေါ်မေလှရီ၏ ခင်ပွန်း ဦးစိန်လင်း (ယာယီအတွင်းရေးမှူး၊ အဝေးရောက်အမှုဆောင်အဖွဲ့)၊ (ပုလော)သည် ၁၁-၆-၂၀၂၄ (အင်္ဂါနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၂၄ (စနေနေ့) နံနက် ၁၁:၃၀ နာရီတွင် နေအိမ်မှ ပုလောမြို့ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

နာယက၊ အမှုဆောင်အဖွဲ့

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - မြို့သစ်(က)၊ မြေကွက်အမှတ်( ၅၃၄/က)၊ အိမ်အမှတ်(၉၃)၊ (၆)လမ်း၊ အကျယ်အဝန်း (အလျား ၂၀'x အနံ ၆၀')၊ (၁၂၀၀ စတုရန်းပေ)ရှိသော ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ပါမစ်အမည်ပေါက် ဦးသက်ဝေ ( ISN - ၅၈၀၇၉၂ ) အမည် ဖြင့်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးလှဦး [၁၂/လမန(နိုင်)၁၇၃၁၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးဝင်းညွှန့်အောင် [၇/ပခန(နိုင်)၂၄၈၉၉၀]နှင့် ဒေါ်တင့်တင့်ဝေ [၁၂/မဂဒ(နိုင်) ၁၁၈၆၂၆]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက်(၁၁-၆-၂၀၂၄) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြုလုပ်မည့် မြေနှင့်အိမ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားအရ**

| | |
|---|---|
| **ဒေါ်ဇာလီထွန်း ( LLB )** | **ဒေါ်သန်းမြင့် ( LLB, WIPO, Switzerland )** |
| **တရားလွှတ်တော်ရှေ့နေ( စဉ် - ၁၃၆၀၇ )** | **တရားလွှတ်တော်ရှေ့နေ( စဉ် - ၁၂၇၇၄)** |

**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက် ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း -၀၉- ၄၂၀၄၉၄၀၂၇၊ ၀၉ -၉၆၇၆၈၃၂၀၄၊ ၀၉- ၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၃၈)၊ ခရေလမ်း၊ မြေကွက်အမှတ်(၁၁၂၀/ခ)၊ (အလျား၂၀ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိ ဦးတေဇကြည်ဝင်း[၈/ပခက(နိုင်)၁၇၉၀၅၃]အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးတေဇကြည်ဝင်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ(အမှတ်-၈၈၄/၂၀၂၂) ရရှိထားသူ ဖခင်ဖြစ်သူ ဦးကြည်ဝင်း [၈/ပခက(နိုင်)၀၃၁၀၀၀]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက်စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph:09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်-ထီးလှိုင်ရှင်အိမ်ရာ၊ မြေတိုင်း ရပ်ကွက်အမှတ်- ၈-အေ ၊ မြေကွက်အမှတ်-၁၇၁-C ဟုခေါ်တွင်သော အကျယ်အဝန်း-ဧရိယာ (၇၂၀စတုရန်းပေ)ရှိ ဒေါ်လှလှဝင်းအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦ (၁)လုံးတို့နှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတို့ကသာ တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှလှဝင်း [၁၄/ဘကလ(နိုင်)၀၀၆၇၆၃]နှင့် ကိုမျိုးမင်းအောင် [၁၄/ဘကလ(နိုင်)၂၀၇၃၃၉] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အိကေဇင်** | **ဒေါ်အိအိမွန်** | **ဒေါ်မေသူထွန်း** |
| **(LL.B, D.B.L, D.I.L, D.I.P.L)** | **(LL.B, D.B.L, D.I.P.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ် - ၁၇၇၂၃)** | **(စဉ် - ၅၀၂၈၆)** | **(စဉ် - ၅၀၂၄၇)** |

**အမှတ် (၇၀)၊ ၅-လွှာ(ဘီ)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉- ၄၂၁၀၃၁၉၄၂၊ ၀၉- ၄၂၈၅၉၉၆၁၅၄**

# တက္ကသိုလ်တင်မောင်ထွေး(နတ်ရေကန်)

## အသက်(၉၃)နှစ်

၁၂-၆-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၆ နာရီတွင် Grand Hantha ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၂၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃:၀၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အထူးကျေးဇူးတင်ရှိခြင်း

၂၀၂၄ခုနှစ်၊ ဇွန်လ ၁၂ရက်နေ့တွင် ကွယ်လွန်သွားသော တက္ကသိုလ်တင်မောင်ထွေး (နတ်ရေကန်)ဆေးရုံတက်စဉ်ရက်များတွင် ဂရုစိုက်ကုသပေးခဲ့သော Grand Hantha ဆေးရုံကြီးရှိ ဆရာဝန်ကြီးများ၊ ဆရာဝန်မကြီးများ၊ သူနာပြု ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြတ်သူ

## (Mary Mya Thein)(Tour Guide)

## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ်-၅၅/၄၊ ဗိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်နေ [ဦးမြသိန်း (ထောက်ပံ့ရေးမင်းကြီး(ငြိမ်း)-ဒေါ်နီနီ]တို့၏ သမီး၊ [ဦးမောင်မောင်သိန်း(Johnny Mya Thein)]-ဒေါ်စိန်လှ၊ (ဒေါ်ရူဘီပတေးလ်)၊ Dr ဦးဘကျော် (နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုသမားတော်ကြီး၊ ငြိမ်း)-ဒေါ်ခင်သီတာ (Kitty Mya Thein)၊ [ဦးအောင်ကျော်သိန်း (Bobby Mya Thein)ခေတ္တ Canada)] တို့၏ ချစ်လှစွာသောညီမ၊ [ခင်သူဇာ(Baby Mya Thein)]၊ [ဦးမင်းသူ(ခေတ္တ-USA)]-ဒေါ်ခင်ဖြူဝင်း(ခေတ္တ-USA)]တို့၏ ချစ်လှစွာသော အစ်မ၊ ဦးအောင်ဆွေဦး-ဒေါ်ခင်ဥမ္မာကျော်၊ Captain ဇော်မျိုးကျော်-ဒေါ်တာတာစိုး၊ ဦးပြည့်ဖြိုးကျော်(ခေတ္တ-USA)၊ Dr သွယ်မွန်ကျော်(ခေတ္တ UK) တို့၏ချစ်လှစွာသော အဒေါ်၊ မောင်မင်းထက်အောင်၊ မောင်ကောင်းထက်အောင်၊ မဆုချမ်းမြေ့စံ၊ မငွေယွန်းယုစံတို့၏ ချစ်လှစွာသော အဘွား ဒေါ်ခင်မြတ်သူ(Mary Mya Thein) သည် ၉-၄-၂၀၂၄ ရက်တွင် အလ္လာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၀-၄-၂၀၂၄ ရက်တွင် ရေဝေးမွတ်စလင်မ် ဥယျာဉ်တော်၌ဒဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ အနောက်ဝွေးကုန်းအုပ်စု၊ မန်ကျီးကုန်းကျေးရွာနေ ဦးအောင်ဆိုင်[၉/ရမသ(နိုင်)၁၆၇၂၉၃]နှင့်ဒေါ်ဝင်းစိန်(YMN-၁၄၂၅၄၉)တို့၏ သားဖြစ်သူ မောင်ရဲမင်းထွန်း(ခ)မောင်ရဲမင်း [၉/ရမသ(နိုင်)၁၁၂၅၉၆]သည် မိဘနှင့်ဆွေမျိုးသားချင်းများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင်အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူ ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးအောင်ဆိုင်[၉/ရမသ(နိုင်)၁၆၇၂၉၃]**
**ဒေါ်ဝင်းစိန်(YMN-၁၄၂၅၄၉)**
**မန်ကျီးကုန်းရွာ၊ အနောက်ဝွေးကုန်းအုပ်စု၊ ရမည်းသင်းမြို့။**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ သီတာအေးတိုးချဲ့(၄)လမ်း၊ အမှတ်(၉၅)ဟုခေါ်တွင်သော မြေကွက်ကို မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့၊ မြေစည်ပင်ခလက်ခံပြေစာပါ မြေကွက်ကြီးအမှတ်(၃)၊ အိမ်ရာအကွက်ငယ်အမှတ်(၉၅)၊ အိမ်ရာကွက်ချထားပေးခြင်းခံရသူ ဦးအေးစိုး (WKA-၀၀၅၂၇၅)အမည်ဖြင့် မြေအကျယ်(၄၀x၆၀)ပေရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမှုအခင်း အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု အဆိုရှိသူ ဦးအောင်အောင်ကို (ဘ)ဦးမြင့်စိန် [၁၂/မရက(နိုင်)၀၇၀၆၀၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နွယ်နွယ်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၅၅)**
**သီတာအေး(၃)လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း -၀၉- ၄၂၁၀၆၂၈၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂) ရပ်ကွက်၊ အနော်ရထာလမ်း နှင့် (၆) လမ်းထောင့်၊ အမှတ် (၂၈၅) ပေါ်တွင် ဆောက်လုပ်ထားသော (၁) ခန်းတည်း၊ (၈) ထပ်တိုက်၏ ပဉ္စမထပ်၊ (၆-လွှာ)၊ အကျယ်အဝန်း (၂၅ x ၆၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်ဟေမာနီဦး [ ၁၂/လသန(နိုင်) ၀၂၁၂၅၇ ]အား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ဝေဝေ [၁၂/လမတ(နိုင်)၀၀၃၀၄၉] မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း) များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း-၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
# ဦးစောတော်နီစိန်
## လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
## အသက်(၉၄)နှစ်

ရာသက်ပန်အသင်းဝင်အမှတ် (ရာ/၄၅၈) ဦးစောတော်နီစိန်သည် ၁၁-၆-၂၀၂၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၂၄ရက်နေ့ နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

# ဦးဌေးလွင် (တပ်မတော်-ငြိမ်း) (ကပ-၂၅၂၄၁၃)
## အသက် (၈၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်ဆုပန်လမ်း၊ အမှတ်(၃၈၉)၊ ငါးလွှာ(B)နေ ဒေါ်အမာနီ၏ ခင်ပွန်း၊ ဦးသီဟလွင်၊ ဦးညီညီလွင်-ဒေါ်သီသီခိုင်၊ ဒေါ်မာမာလွင်၊ ဦးဇော်ဇော်လွင်၊ ဦးမြတ်သူလွင်-ဒေါ်ရတနာဦးတို့၏ မွေးသဖခင်၊ မြေး ခြောက်ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုး ဦးဌေးလွင်သည် ၁၁-၆-၂၀၂၄ ရက် နံနက် ၁၁:၄၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၃-၆-၂၀၂၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၂၄ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးခင်မောင်ညွန့်
## အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁၉)၊ အခန်း(၇)နေ ဦးစိန်ဖေ-ဒေါ်တင်အုံးတို့၏ သား၊ ဦးချိုဦး-ဒေါ်ကြည်ကြည်တို့၏ သားသမက်၊ ဒေါ်မြမြချို၏ခင်ပွန်းသည် ၁၁-၆-၂၀၂၄ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၂၄ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၂၄ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေ့အိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးလွင်
## အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အိမ်အမှတ်(၆)နေ ဒေါ်သန်းနွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ မုံရွာတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်နွဲ့အေး၏ ဖခင်ကြီး ဦးအေးလွင် အရာခံဗိုလ်(ငြိမ်း)သည် ၁၀-၆-၂၀၂၄ (တနင်္လာနေ့) ညနေ ၅:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မုံရွာတက္ကသိုလ်မိသားစု**

# ဝမ်းနည်းကြေကွဲခြင်း
## ပုလောမြို့နယ်အသင်း (ရန်ကုန်)
## ဦးစိန်လင်း (ပုလောမြို့)
### ယာယီ-အတွင်းရေးမှူး၊ အဝေးရောက်အမှုဆောင်အဖွဲ့ (ပုလော)
## အသက် (၇၅)နှစ်

ပုလောမြို့ နယ်အသင်း၏ကိစ္စအဝဝကို ဦးလည်မသုန် တာဝန်ကျေပွန်စွာ နှစ်ရှည်လများကြိုးစားဆောင်ရွက်ခဲ့သော ပုလောမြို့နယ်အသင်း(ရန်ကုန်)၊ အဝေးရောက်အမှုဆောင်အဖွဲ့(ပုလော) ယာယီအတွင်းရေးမှူး ဦးစိန်လင်းသည် ၁၁-၆-၂၀၂၄ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ခဲ့သည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယက၊ အမှုဆောင်အဖွဲ့**
**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
**အဝေးရောက်အမှုဆောင်အဖွဲ့(ပုလော)**
**အဝေးရောက်အမှုဆောင်အဖွဲ့(မြိတ်)**

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ ရွှေနံ့သာလမ်း၊ မြေကွက်အမှတ် (၅၂၄) မြေအကျယ်အဝန်း (၄၃x၆၀)ပေရှိ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးပါဝင်သော သွပ်မိုးပျဉ်ထောင်နေအိမ်အား မြေအမည်ပေါက်ပိုင်ဆိုင်ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အိကေစံ [၁၂/ရကန(နိုင်)၀၇၁၆၂၃]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် (၁၁-၆-၂၀၂၄)ရက်စွဲပါ အရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၇၇၆၅၅၁၁၆၉**

## သင့်သွေးဖြင့် အသက်ကယ်ပါ

# ဒေါ်ခင်ငြိမ်းနွယ်
## အလုပ်ရုံစုမှူး(ငြိမ်း)၊ ရေတာရှည်သကြားစက်
## အသက် (၈၅)နှစ်

ရန်ကုန်မြို့နေ (ဦးလှကျော်-ဒေါ်အေးချစ်)တို့၏ သမီး၊ ရေတာရှည်မြို့၊ ဆင်ဖြူရှင်လမ်း၊ (၄)ရပ်ကွက်နေ [ဦးကျော်ဝေ (လ/ထ စက်ရုံမှူး-ငြိမ်း၊ ရေတာရှည်သကြားစက်)]၏ ဇနီး၊ [ဦးညွန့်သန်းဦး (အထပြ၊ ကျွဲကူး၊ မြိတ်မြို့)]၊ Capt ဝင်းနိုင်-ဒေါ်စန်းစန်းမြင့်၊ ဦးတင်မောင်စိုး (1/E KTM Shipping)-ဒေါ်စုစုဝင်း (အလပြ၊ ငြိမ်း)၊ ဦးဇော်လင်း-ဒေါ်စိုးစိုးအေး၊ ဒေါ်ဌေးဌေးဝေ (မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ-၃၊ ရန်ကုန်)တို့၏ မွေးသမိခင်၊ မဝေမွန်မြတ်နိုင်၊ မောင်အဏ္ဏဝပြည့်စုံအောင်၊ မောင်ဖြိုးသန့်နိုင်၊ မောင်သံလွင်ဦးတို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၁-၆-၂၀၂၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၂၄ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးထွန်းလွင်
## ဘူမိ/ရူပဗေဒအရာထမ်း(ငြိမ်း) (ဘ.ခ.ရ)
## အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြေနီကုန်းဈေးလမ်း၊ အမှတ် (၅၂-က)နေ (ဦးကျော်-ဒေါ်ကြူစိန်)တို့၏ ချစ်လှစွာသောသားကြီး၊ (ဦးသိန်းအောင်-ဒေါ်တင်အုန်း)တို့၏ သားသမက်၊ ဦးသောင်းလွင်၊ ဦးသောင်းထွန်း၊ ဒေါ်သန်းထွေးတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဒေါ်ခင်လတ်ဦး(ဒု/ညွှန်မှူး-အငြိမ်းစား၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုအာကာလွင်၊ မပဟေမာလွင်၊ မစုနန္ဒာလွင်တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးထွန်းလွင် (ဘူမိ/ရူပဗေဒအရာထမ်း-အငြိမ်းစား)သည် (၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်) ၁၂-၆-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၄-၆-၂၀၂၄ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ဦးနိုင်ဝင်း
## အသက် (၅၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ် (၇၃-ဘီ)၊ ငါးလွှာ(ခေါင်းရင်းခန်း)နေ (ဦးအောင်စိုး-ဒေါ်ကြင်စိန်)တို့၏ သား၊ (ဦးအောင်ထွန်း)-ဒေါ်အေးအေးမြင့်တို့၏ သားသမက်၊ ဒေါ်နန္ဒာအောင် (ခ)ဖွေးဖွေး၏ ချစ်လှစွာသောခင်ပွန်း ဦးနိုင်ဝင်းသည် ၁၂-၆-၂၀၂၄(ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၀ နာရီတွင် ဘဝတစ်ပါးသို့ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ၁၄-၆-၂၀၂၄ (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၂၄(အင်္ဂါနေ့)တွင် ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဟိန်းလင်းထက်(ခ)တုံးတုံး
## အသက် (၂၃)နှစ်

ရေနံချောင်းမြို့နေ (ဦးစီကုန်း-ဒေါ်တင်ရီ)တို့၏ မြေး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောတောင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၈၅)၊ ခြောက်လွှာနေ (ဦးဝမ်စိန်)-ဒေါ်ကြည်တို့၏ မြေး၊ (ဦးစိန်လင်း)-ဒေါ်မိုးမိုးဝင်းတို့၏ သား၊ မောင်အောင်လင်းထက်(ခ)ပေါင်ပေါင်း၏ညီ မောင်ဟိန်းလင်းထက်သည် ၁၁-၆-၂၀၂၄ (အင်္ဂါနေ့) နံနက် ၉:၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၂၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆၊ လူနေရပ်ကွက်အမှတ်- ၆၊ အင်းဝလမ်း၊ မြေကွက်အမှတ် (၆၅၂)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ (၂၄၀၀) စတုရန်းပေရှိ မြေပေါ်တွင် ဆောက်လုပ်နေသော (၂)ခန်းတွဲ (၈ ½) RC အဆောက်အဦမှ ကန်ထရိုက်တာပိုင်ဆိုင်သော (ခေါင်းရင်းခန်း) စတုတ္ထထပ်၊ (၅-လွှာ) အကျယ်အဝန်း (၁၇ ပေx ၅၄ ပေx အမြင့် ၉ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁-၈-၂၀၂၃) ရက်စွဲပါ (ကြိုပွိုင့်)အရစ်ကျစနစ်ဖြင့် ဝယ်ယူထားသူ **ဒေါ်မူမူ [၁၂/အလန(နိုင်)၀၃၅၄၀၈]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိစန္ဒီစိုး (LLB, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၀)**
**အမှတ် (၃၆၂)၊ ပိတောက်လမ်း၊ ကိုးလုံးကွင်းရပ်ကွက်၊ မှော်ဘီမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၉၉၁၀၇၂၆၁**

# ဦးမြင့်သန်း
## B.Com (1977)
## ပုလဲမွန်အိမ်ရာကော်မတီ၊ ဒု-ဥက္ကဋ္ဌ
## အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးမြင့်-ဒေါ်သန်းကြည်)တို့၏ သား၊ မန္တလေးမြို့နေ (ဦးသက်တင်-ဒေါ်ငြိမ်း)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၆၅)ရပ်ကွက်၊ ပုလဲမွန်အိမ်ရာ၊ တိုက်အမှတ်(၁၇)နေ ဒေါ်ခင်မြတ်သက် (ညွှန်မှူး-ငြိမ်း၊ ဆသရဝန်ကြီးရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်မြတ်ထွန်း-ဒေါ်ဖြူဖြူသန့်၊ ဦးဉာဏ်လင်းထက်-ဒေါ်မြင့်သက်ထား၊ ဦးခန့်ကျော်-ဒေါ်စန္ဒီစိုးဦး၊ ဒေါ်ကြည်လဲ့မိုးတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဝေယံထွန်း၏ ချစ်လှစွာသော ဘိုးဘိုးသည် ၁၂-၆-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၅၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပြီဖြစ်ပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၄-၆-၂၀၂၄ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် မွန်းလွဲ ၁ နာရီအရောက် ကြွရောက်ပေးကြပါရန် မိတ်ဆွေများအား ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ကျန်ရစ်သူမိသားစုတို့မှ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ၁၈-၆-၂၀၂၄ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ တောင်ဒဂုံမြို့နယ်၊ (၆၅)ရပ်ကွက်၊ ပုလဲမွန်အိမ်ရာ၊ တိုက်အမှတ် (၁၇)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးမြင့်သန်း
## B.Com (1977) ပုလဲမွန်အိမ်ရာကော်မတီ ဒု-ဥက္ကဋ္ဌ
## အသက် (၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးမြင့်-ဒေါ်သန်းကြည်)တို့၏ သား၊ မန္တလေးမြို့နေ (ဦးသက်တင်-ဒေါ်ငြိမ်း)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၆၅)ရပ်ကွက်၊ ပုလဲမွန်အိမ်ရာ၊ တိုက်အမှတ် (၁၇)နေ ဒေါ်ခင်မြတ်သက် (ညွှန်မှူး-ငြိမ်း၊ ဆသရဝန်ကြီးရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ တောင်ဥက္ကလာပမြို့နယ်နေ (ဒေါ်ခင်ရီ)၊ (ဒေါ်ဝင်းကြည်)၊ ဒေါ်အိန္ဒြာထေရီတို့၏ ချစ်လှစွာသော မောင်၊ တူ/တူမ ၁၃ ယောက်တို့၏ ချစ်လှစွာသော ဦးလေးသည် ၁၂-၆-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၅၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပြီဖြစ်ပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၄-၆-၂၀၂၄ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် မွန်းလွဲ ၁ နာရီအရောက် ကြွရောက်ပေးကြပါရန် မိတ်ဆွေများအား ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးဆွေမင်း
## Liaision Officer
## M.T.M Maritime Center Co., Ltd
## အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်းနေ (ဦးစန်အုံး-ဒေါ်မြင့်သန်း)တို့၏ သား၊ ဒေါ်ပပခင်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာ ယုဇနအောင်၏ ချစ်လှစွာသော ဖခင်ကြီးသည် ၁၂-၆-၂၀၂၄ ရက် နံနက် ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၄ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှထွက်ခွာပြီး မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၇၊ မြေကွက်အမှတ်- ၄၈၈၊ မြေကွက်တည်နေရာအမှတ် (၄၈၈)၊ ၇၇-ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးတင်ယုံ (ISN-၁၈၉၀၄၆)၊ အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးတင်ယုံ (ISN-၁၈၉၀၄၆)ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူသူ ဦးသောင်း [၁၂/ကတတ(နိုင်)၀၀၃၆၇၂]မှ မူလလူနေ မြေကွက်အဖြစ် ပြန်လည်အတည်ပြု သတ်မှတ်ပေးသည်ဟု တံဆိပ်တုံးရိုက်နှိပ်၍ လက်မှတ်ရေးထိုးထားသည့် ပါမစ်မူရင်းနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၏ (၃၀-၄-၂၀၀၉)ရက်စွဲပါ မူလ လူနေကွက်အဖြစ် ပြန်လည်သတ်မှတ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်၍ လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးထားပါသဖြင့် ဦးသောင်းမှ ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ ဗမာအေးရပ်ကွက်၊ အမှတ် (၂၄၁)၊ (၂)ခန်းတွဲ (၃ ½)ထပ်တိုက်ရှိ မှန်ခန်းအခန်းအမှတ်(A) (အလျား ၁၂ပေခွဲx အနံ ၅၀ ပေ) အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိကိုယ်တိုင်ပိုင်ဆိုင်ပြီး မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်မောင်ကျော် [၁၂/ဥကတ(နိုင်) ၁၄၀၈၀၉]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ဇာဇာလွင် (LL. B)**
**အထက်တန်းရှေ့နေ (စဉ်- ၃၅၉၉၆)**
**အမှတ်- ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၄၀၆၄၇၁၇**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄H)၊ လူနေရပ်ကွက်အမှတ်(ဝေဇယန္တာရိပ်မွန်)၊ မြေကွက်အမှတ်(၄)၊ အကျယ်အဝန်း(၃၈၀၁.၁၂၅)၊ ဧရိယာ(၀.၀၈၇)ဧကရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့ကိုမြေအမည်ပေါက်ပိုင်ဆိုင်သူဒေါ်ယဉ်ယဉ်မြ(၁၂/ပဘတ(နိုင်)၀၂၁၅၁၈)ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးအောင်ကျော်ထွန်း**LL.B.,LL.M.** | ဒေါ်မြတ်မြတ်သွယ်**LL.B.** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၃) | အထက်တန်းရှေ့နေ(စဉ်-၅၃၅၀၃) |

တိုက်အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်-**B-2**ပထမထပ်၊၃၆လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ဖုန်း၀၉-၄၀၈၁၈၅၅၉၉။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်စေရန် အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြရေး ပင်ဖြစ်ကြောင်း အသိပေးတိုက်တွန်းမှာကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## အီဒုလ်အသွဟာ(ကုရ်ဘာနီအီးဒ်)နေ့ ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

နေပြည်တော် ဇွန် ၁၂

၁၃၈၆ ခုနှစ် နယုန်လဆန်း ၁၂ ရက် (၂၀၂၄ ခုနှစ် ဇွန် ၁၈ ရက်) အင်္ဂါနေ့သည် " အီဒုလ်အသွဟာ(ကုရ်ဘာနီအီးဒ်)နေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၅/ ၂၀၂၄ ဖြင့် ကြေညာထားသည်။

သတင်းစဉ်



ရန်းတောင်ကြိုးပြင်ကာကွယ်တော သဘာဝရှုခင်းကို တွေ့ရစဉ်။

## ရန်းတောင်ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၅၁၇ ဧကရှိသောနယ်မြေကို **"ရန်းတောင်ကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၄)အရ ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် (၂၀၂၄ ခုနှစ်၊ ဇွန်လ ၅ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✻

ယနေ့ ဖတ်စရာ

**သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုဗဟိုကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီ အစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၄

**ခေတ်စားလာသော Online လိမ်လည်မှုများ**

ဆောင်းပါး စာမျက်နှာ » ၁၀



မြောက်ကိုရီးယားအသင်းနှင့် မြန်မာအသင်းတို့ ဇွန် ၁၁ ရက်က ယှဉ်ပြိုင်ကစားကြစဉ်။

## ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲများပြီးဆုံး

ရန်ကုန် ဇွန် ၁၂

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲစဉ်များမှာ ဇွန် ၁၁ ရက်က ပြီးဆုံးခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်သည့်အသင်းများ စုံလင်စွာ ထွက်ပေါ်လာပြီဖြစ်သည်။

**တစ်ပေါင်းတည်းပြုလုပ်ခဲ့**

ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့် ခြေစစ်ပွဲနှင့်အတူ ၂၀၂၇ အာရှဖလားခြေစစ်ပွဲကိုပါ တစ်ပေါင်းတည်းပြုလုပ်ခဲ့ပြီး အုပ်စုကိုးခုတွင် အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးနှစ်သင်းစီမှာ ၂၀၂၇ အာရှဖလားခြေစစ်ပွဲအောင်မြင်ပြီး ၂၀၂၆ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲ ကစားခွင့်ရမည်ဖြစ်သည်။

အမှတ်အနည်းဆုံး နှစ်သင်းစီမှာမူ ကမ္ဘာ့ဖလားခြေစစ်ပွဲ ကစားခွင့်မရဘဲ ၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲသာ ဆက်လက်ကစားရမည်ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် အုပ်စု (A) ၌ ကာတာအသင်းက ရမှတ် ၁၆ မှတ်ဖြင့် အုပ်စုပထမ၊ ကူဝိတ်အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (B) ၌ ဂျပန်အသင်းက ၁၈ မှတ်ဖြင့် အုပ်စုပထမ၊ မြောက်ကိုရီးယားအသင်းက ကိုးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (C) ၌ တောင်ကိုရီးယားအသင်းက ၁၆ မှတ်ဖြင့် အုပ်စုပထမ၊ တရုတ်အသင်းက ရှစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (D) ၌ အိုမန်အသင်းက ၁၃ မှတ်ဖြင့် အုပ်စုပထမ၊ ကာဂျစ္စတန်အသင်းက ၁၁ မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (E) ၌ အီရန်အသင်းက ၁၄ မှတ်ဖြင့်

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❂